# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက် | ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၁၆ ရက်၊ သောကြာနေ့ | အတွဲ (၆၀)၊ အမှတ် (၂၈၆)


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ မာတိကာ**


**ကိုဗစ်ကာကွယ်ရေးပစ္စည်းဝေနေသူကို ရက်ရက်စက်စက်ပစ်သတ်သွားတာ တော်လှန်ရေးလား** — ဆောင်းပါး — စာ » ၆

**အာဇာနည်ခေါင်းဆောင်ကြီးပေးသည့် သမိုင်းသင်ခန်းစာ** — အာဇာနည်နေ့အထိမ်းအမှတ်ဆောင်းပါး — စာ » ၈

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်လူနာများအတွက် ပြည်ပမှတင်သွင်း ရောက်ရှိလာသော အောက်ဆီဂျင်ကို ဆေးရုံများနှင့် ကိုဗစ်ကုသရေးစင်တာများသို့ ခွဲဝေပေးရေး ဆွေးနွေး** — ပြည်တွင်းသတင်း — စာ » ၅


# လောက်ကိုင်မြို့နယ်၌ ကိုဗစ်-၁၉ လူနာများအတွက် Quarantine Centre အဖြစ် တောင်ညီနောင်အနီးတွင် ကွန်တိန်နာ အလုံး ၂၀၀ ဖြင့် ဆောက်လုပ်ထား

လောက်ကိုင် ဇူလိုင် ၁၅

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်အတွင်း COVID-19 ရောဂါဖြစ်ပွားမှု နေ့စဉ်မြင့်တက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါတွေ့ရှိသူများကို Quarantine Centre အဖြစ် တောင်ညီနောင်အနီး၌ ကွန်တိန်နာ အလုံး ၂၀၀ ဖြင့် ဆောက်လုပ်နေရာချထားကြောင်း သိရသည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်အတွင်း ဇွန် ၁၆ ရက်မှ ဇူလိုင် ၁၂ ရက် ညနေ ၅ နာရီအထိ COVID-19 ရောဂါပိုးတွေ့ရှိမှုအခြေအနေမှာ COVID – 19 အတည်ပြုလူနာ ယခင် ၁၈၀၁ ဦး၊ ယနေ့ ၇၇ ဦး၊ စုစုပေါင်း ၁၈၇၈ ဦး ဆေးရုံတက်ကုသကာ ရောဂါပျောက်ကင်း၍ ဆေးရုံဆင်းသူ ယခင် ၃၈၁ဦး၊ ယနေ့ ၁၂၀၊ စုစုပေါင်း ၅၀၂ ဦး၊ စုစုပေါင်းသေဆုံးသူ ၆ဦး၊ လက်ရှိအတည်ပြုလူနာပေါင်း ၁၃၇၀ ဆက်လက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း COVID – 19 ဖြစ်ပွားမှု ကူးစက်မှုနှုန်း အလွန်များပြားလျက်ရှိသောကြောင့် ကွန်တိန်နာများဖြင့် ဆောက်လုပ်ပြီး လူနာများအား သီးသန့်ထားရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကာ ကွန်တိန်နာအခန်းတစ်ခန်းလျှင် ရေချိုးခန်း၊ အိမ်သာ၊ ဘေစင်၊ ရေပူရေအေး၊ ခုတင်၊ လျှပ်စစ်မီးနှင့် အဲကွန်းများဖြင့် ပြည့်စုံစွာတပ်ဆင်ထားပြီး လူနာများကို စတင်လက်ခံထားရှိနေကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



လောက်ကိုင်မြို့နယ်ရှိ ကိုဗစ်-၁၉ လူနာများ နေရာချထားရေးအတွက် တောင်ညီနောင်အနီး ကွန်တိန်နာ အလုံး ၂၀၀ ဆောက်လုပ်ထားမှုကို တွေ့ရစဉ်။

မြန်မာ့အလင်း

# လူသတ်ဝါဒ ဇာတ်ရုပ်ပေါ်လာ

ကိုဗစ်-၁၉ ကပ်ရောဂါက မျိုးရိုးဗီဇပြောင်းလဲသည့် ဗိုင်းရပ်စ်ပုံစံဖြင့် ဝင်ရောက်လာခဲ့သော တတိယလှိုင်းရိုက်ခတ်မှုမှာ လွန်စွာပြင်းထန်လှသည်။ မူလကိုဗစ်-၁၉ ထက် အဆများစွာ ပြင်းထန်လာပြီဖြစ်သော ရောဂါပိုးသည် ကြီးငယ်ရွယ်လတ်၊ ဆင်းရဲ ချမ်းသာ၊ ဘာသာလူမျိုးမရွေး မည်သူ့ကိုမဆို အသက်ဘေးအန္တရာယ်ကျရောက်စေသည်အထိ ဒုက္ခပေးနိုင်သည်။ နေ့စဉ်ရောဂါကူးစက်ခံရသူအရေအတွက် ဆေးရုံတက်ရသူနှင့် သေဆုံးသူတို့ အရေအတွက်များ မြင့်တက်လာသည်မှာ ဂရပ်ဖယားများတွင်ကြည့်ပါက အချိန်တိုအတွင်း မိုးပေါ်သို့ ထောင်တက်နေသည်ကို ကြောက်စရာ ကောင်းအောင် တွေ့မြင်ရသည်။

တစ်နိုင်ငံလုံးတွင် ကူးစက်ပျံ့နှံ့လာနေသည့် ကပ်ရောဂါ တားဆီးထိန်းချုပ်ရေးတွင် အများအကျိုးဆောင် ပရဟိတစိတ်ဓာတ်ထက်သန်သူများ၊ တာဝန်သိနိုင်ငံသူ နိုင်ငံသားတိုင်းက တတ်စွမ်းသမျှပါဝင်ကြကာ ပြည်သူ့အကျိုးဆောင်ကြသည်။ လှူကြ တန်းကြ ကူညီကြသည်။ ကမ္ဘာနှင့်ချီသည့် ကပ်ရောဂါကြီး မိမိတို့နိုင်ငံအတွင်းဝင်၍ ပြင်းပြင်းထန်ထန် ဖြစ်ပွားလာချိန်တွင် သူတစ်ပါးအကျိုးကို လိုလားခြင်း၊ သနားကြင်နာကိုယ်ချင်းစာခြင်း၊ ရောဂါကင်းပျောက်သေဘေးမရောက်သူတို့အတွက် ဝမ်းမြောက်ခြင်း၊ အများအကျိုးရွက်သယ်ပိုးသည့် အလုပ်ကိုပင် ခန္ဓိုးခနဲ့ဆိုကဲ့ရဲ့မှုများအပေါ် ခံစားမှုမပြုမတုံ့ပြန်ခြင်း တည်းဟူသော လူ့ဘောင်လူ့လောကကို စောင့်ရှောက်သည့် အမွန်အမြတ်စိတ်ဓာတ်ဖြင့် အများပြည်သူအကျိုးကို လက်ငင်းလက်တွေ့သယ်ပိုးကြသူများမှာ လူသာစုခေါ်၊ နတ်သာစုခေါ်သည့် ကုသိုလ်ကောင်းမှုပြုကြသူများပင်ဖြစ်သည်။

ဇူလိုင်လ ၁၄ ရက်နေ့နံနက်ပိုင်းက အမရပူရမြို့နယ်၊ မြစ်ငယ်မြို့ဈေးအဝင်လမ်းတွင် ဖြစ်ပွားခဲ့သည့်ဖြစ်ရပ်မှာ NUG၊ CRPH၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တို့၏ သူရဲဘောကြောင်လှစွာသော လူသတ်ဝါဒကို ထင်ထင်ရှားရှားပြသလိုက်ခြင်းပင်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးပညာပေးခြင်းနှင့် ပါးစပ် နှာခေါင်းစည်းများ၊ လက်ဆေးရည်များပေးဝေခြင်းတို့ ဆောင်ရွက်နေသည့် ဒေါ်သက်သက်ချိုအပါအဝင် တာဝန်သိပြည်သူခုနစ်ဦးကို အကြမ်းဖက်လူသတ်သမားနှစ်ဦးက သေနတ်ဖြင့် ပစ်ခတ်၍ လုပ်ကြံသတ်ဖြတ်ခဲ့ရာ ဒေါ်သက် သက်ချိုမှာ နေရာတွင်ပင် သေဆုံးခဲ့ရပြီး အမျိုးသားသုံးဦးမှာ ဒဏ်ရာများ ရရှိခဲ့သည်။ ရပ်ကျိုး ရွာကျိုး သယ်ပိုးနေသည့် အမျိုးသမီးကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သူတို့မှာ ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားခဲ့သည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးလုပ်ခြင်းကြောင့်၊ ဒလန်လုပ်ခြင်းကြောင့်၊ သတင်းပေးခြင်းကြောင့်ဟူသော အကြောင်းပြချက်များမှာ လူသတ်လုပ်ရပ်အတွက် လုံလောက်သော ဆင်ခြေမဟုတ်ပေ။ အထူးသဖြင့် လက်နက်ကိုင်ဆောင်မထားသော အမျိုးသမီးများကို လုပ်ကြံသတ်ဖြတ်မှုမှာ အတွေးအခေါ်ဉာဏ်ကင်းမဲ့သည့် ရာဇဝတ်ကောင်တို့၏ ရာဇဝတ်မှုသာဖြစ်ပြီး တော်လှန်ရေးဟု အမည်တပ်လျှင် လွန်စွာ မိုက်မဲရာကျလိမ့်မည်ဖြစ်သည်။

နိုင်ငံရေးရည်မှန်းချက်အတွက် အစိုးရကို လက်နက်စွဲကိုင်ပုန်ကန်သူတို့ ပြည်သူကို ဒုက္ခပေးလာပြီဆိုလျှင် ကျဆုံးဖို့ နီးလာပြီဖြစ်သည်။ တော်လှန်ရေးဟူသော ခေါင်းစဉ်အောက်တွင် လုယက်မှု၊ လူသတ်မှု၊ ခြိမ်းခြောက်မှုအပါအဝင် ရာဇဝတ်မှုများစွာတို့ ကျူးလွန်နေကြပြီး ဖေ့စ်ဘုတ်နှင့် မီဒီယာအတုအယောင်တို့တွင် လိမ်လည်ဖုံးဖိနေကြစေကာမူ ဇာတ်ရုပ်က ပေါ်လာလျက်ရှိလေသည်။ နောက်ကွယ်မှနေ၍ ပိုက်ဆံပေးလူသတ်ခိုင်းနေကြသူများ၊ စဉ်းစားဆင်ခြင်ဉာဏ်ကင်းမဲ့၍ဖြစ်စေ၊ ငွေစ ကြေးစ ရ၍ဖြစ်စေ လူသတ်နေကြသူများအားလုံးမှာ ပြုပြုသမျှ အကုသိုလ်ဒုစရိုက်တို့၏ အကျိုးပေးကြောင့် ယခုဘဝတွင်ရော နောင်သံသရာတွင်ပါ အကုသလ ကမ္မပထကို ခံစားကြရမည်သာ ဖြစ်ပါကြောင်း။ ။

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း (Mask) များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား ယူဆောင်လာပါရန်။
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက် အကွာအဝေးများကို (၆)ပေ အကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြား၍ (၁) ကြိမ်လျှင် (၁၀) ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆) ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် (Covid-19) ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၅)မိနစ်ထက် ပိုမကြာစေရန်။




အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေငြာခြင်း



## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)၏ ၂၀၂၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အ-ထ-က (၂၀) ကျောင်းဝင်းမြေနေရာ၌ ကျင်းပသည်။



သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းက ခရေပင်ကို စိုက်ပျိုးပေးပြီး ရုံးချုပ်၊ ခရိုင်၊ မြို့နယ်ဝန်ထမ်းများက အရိပ်ရအပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးနေကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ခရေ၊ ပိတောက်၊ မဟော်ဂနီ၊ မဲဇလီ၊ စိန်ပန်းနီ၊ အော်ရေးရှားနှင့် ယူကလစ် စုစုပေါင်းအပင် ၄၀၀ စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား

တိုင်းပြည်တစ်ပြည် ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့ လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ် အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက်လက်မပျက်ဘဲ ရသမျှအခွင့်အရေးကိုရတုန်း မိမိရရယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့မြန်မာပြည်ကြီး ကျုပ်တို့ချစ်ရာရောက်မယ်။ ကျုပ်တို့မြန်မာပြည် ထူထောင်နိုင်မယ်။

**(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ရုံးခွဲတာဝန်ခံများနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၅**

နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ရုံးခွဲတာဝန်ခံများနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက တိုင်းဒေသကြီး/ ပြည်နယ် အသီးသီး၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်များ လျင်မြန်သွက်လက်စွာ စိစစ်ဆောင်ရွက်သွားနိုင်ရေးအတွက် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများနှင့် အမြဲတမ်းထိတွေ့ဆက်ဆံပြီး အနည်းဆုံး တစ်လလျှင်တစ်ကြိမ်ခန့် ညှိနှိုင်းအစည်းအဝေး ကျင်းပဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ဟိုတယ်များ ဆောက်လုပ်ခွင့်တင်ပြသည့်အခါတွင်လည်း သက်ဆိုင်ရာ အထောက်အထားများ စုံလင်ပါက One Stop Service ပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိရန်လိုအပ်ကြောင်း၊ အနာဂတ် ခရီးသွားလုပ်ငန်းသည် ကိုဗစ်-၁၉ ကပ်ရောဂါ




အခြေအနေကြောင့် ပုံမှန်သွားလာခြင်းမျိုးမှ New Normal ပုံစံဖြင့် သွားလာနိုင်ရေးအတွက် အကျိုးရှိရှိ အသုံးပြုနိုင်သည့် Application တစ်ခု ပေါ်ပေါက်လာနိုင်ရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များထံ ထုတ်ချေးပေးထားသည့် ချေးငွေများနှင့်ပတ်သက်၍ လုပ်ငန်းရှင်များ၏ အခက်အခဲအမှန်များ၊ စာရင်းအမှန်များ သိရှိအောင် တိုင်းဒေသကြီး/ ပြည်နယ် တာဝန်ခံများမှ သေချာစွာ စိစစ်တင်ပြပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် Online မှ တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ရုံးခွဲတာဝန်ခံများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို အသေးစိတ်ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အသိပေးကြေညာချက်

**ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်**

အများပြည်သူ ရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသော (၁၇-၇-၂၀၂၁ မှ ၂၅-၇-၂၀၂၁ ထိ) ရုံးပိတ်ရက်များတွင်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် အလုပ်တာဝန်များ ရပ်ဆိုင်းထားမည်မဟုတ်ဘဲ ပုံမှန်အတိုင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် Covid-19 ကူးစက်ရောဂါ ကာကွယ် ကုသရေးပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## အသိပေးကြေညာခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် COVID-19 ရောဂါကူးစက်မှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ဇူလိုင်လ ၁၇ ရက်နေ့မှ ဇူလိုင်လ ၂၅ ရက်နေ့အထိ တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်ရှည်အဖြစ် ကြေညာခဲ့ပါသည်။ အများပြည်သူ အလုပ်ပိတ်ရက်ရှည်အတွင်း COVID-19 ရောဂါ ကာကွယ်ကုသမှုဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းကိစ္စရပ်များအား (ရေကြောင်း/လေကြောင်း/နယ်စပ်) လမ်းကြောင်းများမှတစ်ဆင့် လွယ်ကူလျင်မြန်စွာ အခက်အခဲမရှိ တင်သွင်းနိုင်ရန်အတွက် အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပိတ်ရက်မရှိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

## သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေး သင်တန်းဖွင့်လှစ်မည့်ရက် ရွှေ့ဆိုင်း

**ရန်ကုန် ဇူလိုင် ၁၅**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကြီးမှူးဖွင့်လှစ်မည့် သတင်းမီဒီယာသမားများအရည်အသွေးမြှင့်တင်ရေးသင်တန်းကို မူလက ဇူလိုင် ၂၀ ရက်တွင် စတင်ဖွင့်လှစ်ရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများပြားနေသည့် အခြေအနေများကြောင့် ရောဂါပြန်လည်ထိန်းချုပ်နိုင်သည့်ကာလမှသာ သင်တန်းကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် သင်တန်းပြန်လည်ဖွင့်လှစ်မည့်နေ့ရက်ကို သင်တန်းများထံသို့ ကြိုတင်အသိပေးအကြောင်းကြားသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## အသိပေးကြေညာခြင်း

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်(နတ်မောက်)တို့တွင် အာဇာနည်နေ့အထူးပြပွဲများအတွက် နှစ်စဉ် ဇူလိုင်လ ၁၉၊ ၂၀၊ ၂၁ ရက်များတွင် ဖွင့်လှစ်ပြသခဲ့ပါသည်။ ယခုအခါ COVID-19 ရောဂါ ထိန်းချုပ်ရေးကာလဖြစ်သောကြောင့် (၇၄) နှစ်မြောက် အာဇာနည်နေ့အထူးပြပွဲများကို ပြသခြင်းမပြုတော့ဘဲ ပြတိုက်များကို ပိတ်ထားမည်ဖြစ်ပါသည်။ သို့ရာတွင် အများပြည်သူ လေ့လာကြည့်ရှုနိုင်ရန်အတွက် Online Exhibition အဖြစ် ပြသသွားမည်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)အတွက် https://www.national museumyangon.gov.mm တွင်လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်(နတ်မောက်)အတွက် https://www.generalaungsanmuseum.com တွင်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန website https://www.moculture.gov.mm တို့တွင်လည်းကောင်း ၁၆-၇-၂၀၂၁ ရက်နေ့မှစ၍ တစ်နှစ်ပတ်လုံး ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**

# ဒေါက်တာမောင်မောင် ရေးသားသည့် “သားမောင်စစ်သည်သို့” စာအုပ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဇူလိုင် ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဒေါက်တာမောင်မောင် ရေးသားသည့် “သားမောင်စစ်သည်သို့” စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်းစာအုပ်မှာ စတုတ္ထအကြိမ်ထုတ်ဝေခြင်း ဖြစ်သည်။ ကိုယ်တိုင်လည်း တပ်မတော်သားဖြစ်ပြီး တပ်မတော်သားစစ်သည်တို့၏ ဖခင်ဖြစ်သူက တပ်မတော်သည် နိုင်ငံတစ်နိုင်ငံအား အရေးပါသည့် အခန်းကဏ္ဍ ဖြစ်ကြောင်း ရေးသားထားသည့် စာအုပ်ဖြစ်သည်။

စာရေးသူသည် ၁၉၄၃ ခုနှစ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော်တွင် စတင်တာဝန်ထမ်းဆောင်ကာ မင်္ဂလာဒုံစစ်တက္ကသိုလ် စတုတ္ထပတ်ဗိုလ်သင်တန်း တက်ရောက်ခဲ့သည်။ ထို့မှ ရန်ကုန်တက္ကသိုလ် တက်ရောက်ကာ အင်္ဂလိပ်စာဂုဏ်ထူးဖြင့် ဝိဇ္ဇာဘွဲ့၊ ဥပဒေဝိဇ္ဇာဘွဲ့၊ ဥပဒေ ပါရဂူဘွဲ့တို့ ရရှိခဲ့သူဖြစ်သည်။ ရန်ကုန်တက္ကသိုလ်တွင် ကထိက၊ ပြန်ကြားရေးဌာန နယူးတိုင်းသတင်းစာ အယ်ဒီတာဘဝမှသည် တရားသူကြီးချုပ်၊ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတ တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဗမာ့တပ်မတော်တွင် ခေတ္တတာဝန်ထမ်းခဲ့စဉ်အတွင်း တော်လှန်ရေး၊ စစ်ရေး အတွေ့အကြုံများကို သားဖြစ်သူ တပ်မတော်သားစစ်သည်ကို ရည်စူးကာ ရေးသားခဲ့ခြင်းဟုဆိုသော်လည်း သားမောင်စစ်သည်များ၊ တိုင်းပြည်၏သားကောင်းရတနာများအားလုံးအတွက် ရည်ရွယ်ရင်း ဖြစ်သည်။ မိမိ၏ ငယ်ဘဝ၊ ဗမာ့ကာကွယ်ရေးတပ်မတော်သားဘဝ၊ စစ်တက္ကသိုလ်ကျောင်းသားဘဝ၊ တက္ကသိုလ် ကျောင်းဆရာဘဝ၊ ပြန်ကြားရေးဌာန အယ်ဒီတာဘဝ၊ လန်ဒန်ပညာတော်သင်ဘဝတို့နှင့် အတူ နိုင်ငံ၏အကျိုးကို တပ်မတော်သည် ပြည်သူတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းများကို စုံလင်စွာ ရေးသားထားသည်။

စာအုပ်တွင် စာမျက်နှာ ၂၇၇ မျက်နှာ ပါဝင်ပြီး အခန်း ၈ ခန်း ပါဝင်သည်။ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ရန်ကုန်မြို့ အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင်ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ပြည်မြို့ ခုတင် ၅၀၀ ဆေးရုံကြီးသို့ အောက်ဆီဂျင်အိုးကြီး အလုံး ၁၀၀ လှူဒါန်း

**ပြည် ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခုတင်(၅၀၀) အထွေထွေရောဂါကုဆေးရုံကြီး၏ ကိုဗစ်-၁၉ လူနာများအတွက် ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်မှုဖြင့် မြို့မိမြို့ဖများက ယနေ့နံနက်ပိုင်းတွင် အောက်ဆီဂျင်အိုးကြီး အလုံး ၁၀၀ လာရောက်လှူဒါန်းကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်အိုးကြီး အလုံး ၁၀၀ ကို မြို့မိမြို့ဖ ဦးမိုးဇင်က ပေးအပ်လှူဒါန်းရာ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာ သီတာစိုးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**

အဆိုပါ အောက်ဆီဂျင်အိုးကြီး အလုံး ၁၀၀ ကို မြဝတီမြို့မှ ဆက်သွယ်မှာယူ လှူဒါန်းခြင်းဖြစ်ကြောင်းသိရပြီး သယ်ယူစရိတ်၊ အောက်ဆီဂျင်အိုးနှင့် မီတာခွက်အပါအဝင် အောက်ဆီဂျင်အိုးကြီး တစ်လုံးလျှင် ကုန်ကျငွေကျပ် သုံးသိန်းခွဲနှုန်းဖြင့် အလုံး ၁၀၀ အတွက် စုစုပေါင်းကုန်ကျငွေကျပ် သိန်း ၃၅၀ ဖြစ်ကြောင်း သိရသည်။

ပြည်မြို့နယ်တွင် ဇူလိုင် ၁၄ ရက် ညနေပိုင်းအထိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိ အတည်ပြုလူနာ စုစုပေါင်း ၆၀၇ ဦးအထိရှိပြီး ကျန်းမာရေးကုသမှုဆောင်ရွက်ရာတွင် လိုအပ်လျက်ရှိသော အောက်ဆီဂျင်အိုးများကို လှူဒါန်းမှုပြုလိုပါက ၀၉-၅၃၁၁၄၀၂၊ ၀၉-၅၃၁၁၃၄၇ နှင့် ၀၉- ၅၃၁၀၁၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။



**ကိုဆက် (ပြန်/ဆက်)**

# Mobile Covid-19 PCR Unit စက်များဖြင့် COVID-19 ရောဂါပိုး ရှိ/ မရှိ စစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ လောက်ကိုင်မြို့ရှိ ရင်ဖုန်းဆေးရုံနှင့် ချင်းရွှေဟော်မြို့ရှိ မြို့နယ်ခန်းမတို့၌ COVID-19 ရောဂါပိုး ရှိ/ မရှိ စစ်ဆေးနိုင်ရန် Mobile Covid-19 PCR Unit စက်များတပ်ဆင်ထားရှိရာ ယနေ့တွင် အဆိုပါမြို့များရှိ ဒေသခံပြည်သူ ၁၀၈၀ ကို COVID-19 ရောဂါပိုး ရှိ/ မရှိ စစ်ဆေးပေးခြင်းများ အသီးသီးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

အလားတူ ကွမ်းလုံမြို့အဝင်၌ Mobile Covid-19 PCR Unit စက်ဖြင့် ခရီးသွားပြည်သူများကို COVID-19 ရောဂါပိုး ရှိ/ မရှိ စမ်းသပ်စစ်ဆေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်တွင် စတင်စစ်ဆေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ချက်

**နေ့စွဲ - ၁၅ - ၇ - ၂၀၂၁**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေပါ လုပ်ပိုင်ခွင့်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်နှိမ်နင်းရေးအတွက် အမိန့်များထုတ်ပြန်လျက်ရှိပါသည်။

၂။ ၂၀၂၁ ခုနှစ်အတွင်း ထုတ်ပြန်ခဲ့သော အဆိုပါအမိန့်များတွင် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home)အစီအစဉ်ကြေညာခြင်းများအပါအဝင် မည်သည့်အမိန့်စာတွင်မှ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများကို ပိတ်သိမ်းကြောင်း မပါရှိခဲ့ပါ။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်ခဲ့သည့် COVID-19 ရောဂါကူးစက်မှုကို ထိရောက်စွာကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အများပြည်သူ အလုပ်ပိတ်ရက်များနှင့် ဆက်စပ်နေသည့် ကြားရက်(၂) ရက်အား အများပြည်သူအလုပ်ပိတ်ရက်များအဖြစ် သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာအမှတ် (၂၁၁/၂၀၂၁)တွင်လည်း ဆေးဝါးနှင့်ဆေးပစ္စည်းကိရိယာထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများကို ပိတ်သိမ်းကြောင်း လုံးဝမပါရှိခဲ့ပါကြောင်းနှင့် အဆိုပါကြေညာချက်၌ အများပြည်သူလိုက်နာနေထိုင်ရမည့် စည်းကမ်းချက်များတွင် အမှတ်စဉ်(ဂ)၌ ဆေးဝါးနှင့်ဆေးပစ္စည်းကိရိယာများရောင်းချသည့်ဆိုင်များ ဖွင့်လှစ်ရောင်းချသွားရန်နှင့် အမှတ်စဉ် (င) တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် (အစိုးရဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ )ဟူ၍ ဖော်ပြပါရှိပါကြောင်း အသိပေးအပ်ပါသည်။

၄။ ထို့အပြင် ကောလာဟလသတင်းအမှားများကြောင့် ဈေးကွက်အတွင်း ကြက်ဥများ ဝယ်လိုအားများပြားလျက်ရှိပြီး ရှားပါးဈေးတက်ချိန်တွင် ကြက်ဥအစားထိုးအဖြစ် စားသုံးနိုင်သော အစားအစာများ၏ အာဟာရတန်ဖိုးများအား ဇယားဖြင့် ပူးတွဲဖော်ပြအပ်ပါသည် -

**ကြက်ဥအစားထိုးအဖြစ် စားသုံးနိုင်သော အစားအစာများ၏ အာဟာရတန်ဖိုးများ**

| စဉ် | အစားအစာ အမည် | ရေတွက်ပုံ (serving size) | အာဟာရ တန်ဖိုး (ကယ်လိုရီ) | ပရိုတိန်း ပါဝင်မှု (ဂရမ်) | ဗီတာမင်နှင့် သတ္တုဓာတ် ပါဝင်မှု |
|---|---|---|---|---|---|
| ၁ | ကြက်ဥ | (၁)လုံး | ၇၂ | ၆.၃ | Vit D, Iron, Calcium, Potassium, Phosphorus |
| ၂ | ပဲနီလေး | (၁၀)ကျပ်သားခန့် | ၂၀၀ | ၁၆ | Vit C, Iron, Calcium, Potassium, Phosphorus |
| ၃ | ကုလားပဲ | (၁၁)ကျပ်သားခန့် | ၂၃၁ | ၁၆ | Vit C, Iron, Calcium, Potassium, Phosphorus |
| ၄ | ပဲပိစပ် | (၈)ကျပ်သားခန့် | ၂၀၀ | ၁၄ | Vit C, Iron, Calcium, |
| ၅ | မြေပဲ | (၉)ကျပ်သားခန့် | ၈၂၈ | ၃၈ | Iron, Calcium, Potassium, Phosphorus |
| ၆ | ပဲပြား/တိုဟူး | (၂၀)ကျပ်သားခန့် | ၂၀၀ | ၂၄ | Iron, Calcium, Potassium, Phosphorus |
| ၇ | ငှက်ပျောသီး | (၁)လုံး | ၁၀၅ | ၁.၃ | Vit C, Iron, Calcium, Potassium, Phosphorus |
| ၈ | အာလူး | (၁၄)ကျပ်သားခန့် | ၂၀၀ | ၄.၃ | Vit C, Iron, Calcium, Potassium, Phosphorus |
| ၉ | နွားနို့ | (၃၀)ကျပ်သားခန့် | ၂၉၈ | ၁၅ | Vit D, Iron, Calcium, Potassium, Phosphorus |
| ၁၀ | ကန်စွန်းဥ | (၈)ကျပ်သားခန့် | ၁၁၄ | ၂.၁ | Vit C, Iron, Calcium, Potassium, Phosphorus |
| ၁၁ | ကြက်သား | (၁၇)ကျပ်သားခန့် | ၃၂၆ | ၆၁ | Iron, Calcium, Potassium, Phosphorus |
| ၁၂ | ငါးအမျိုးမျိုး | (၉)ကျပ်သားခန့် | ၁၄၉ | ၂၉ | Vit D, Iron, Calcium, Potassium, Phosphorus |

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
(၁၅-၇-၂၀၂၁)

## နိုင်ငံသားတိုင်း နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်ရှိမှသာ နိုင်ငံကြီးပွားတိုးတက်မည်

နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးအတွက် ပညာတတ်များ ပေါ်ကြွယ်ဝအောင် ဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူများ ပညာတတ်ဖြစ်စေရေးသည် အရေးကြီးသဖြင့် အထူးအလေး အနက်ထား ဆောင်ရွက်ရမည့် ကိစ္စရပ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ် ရှိမှသာ နိုင်ငံကြီးပွားတိုးတက်မည်ဖြစ်ပြီး နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ရှိရန်အတွက် ပညာရေးတွင် အခြေခံကောင်းရန် လိုအပ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်လူနာများအတွက် ပြည်ပမှတင်သွင်းရောက်ရှိလာသော အောက်ဆီဂျင်ကို ဆေးရုံများနှင့် ကိုဗစ်ကုသရေးစင်တာများသို့ ခွဲဝေပေးရေးဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများနှင့် ကိုဗစ်စင်တာများအတွက် ပြည်ပမှတင်သွင်း ရောက်ရှိလာသော အောက်ဆီဂျင်များ ခွဲဝေပေးရေး ဆွေးနွေးခြင်းကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။(ယာပုံ)



ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးက တပ်မတော်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့တို့ ပူးပေါင်း၍ အချိန်ကိုက် စနစ်တကျ ဖြန့်ဝေနိုင်ရန်နှင့် နည်းစနစ်ပိုင်းများအတွက် အောက်ဆီဂျင် နည်းပညာရှင်များ၊ အလှူရှင်များ၏ ငွေအား လူအားအကူအညီများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသဖြင့် ဦးစားပေးဖြည့်တင်းပေးရမည့် ဆေးရုံများ၊ စင်တာများနှင့် လိုအပ်ချက် အခက်အခဲများ မဖြစ်ပေါ်စေရေး ဆွေးနွေးအကြံပြုပေးကြရန် ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက လတ်တလောအခြေအနေတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု များပြားလာကြောင်း၊ ထပ်မံကူးစက်မှုလည်းရှိလာနိုင်ကြောင်း၊ ထို့အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံသစ်ကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး၊ ဝေဘာဂီဆေးရုံ၊ သဃ်န်းကျွန်းဆေးရုံကြီး၊ တောင်ဥက္ကလာပဆေးရုံကြီး၊ လှိုင်သာယာဆေးရုံကြီးများတွင် ကိုဗစ်လူနာများထားရှိ ကုသပေးလျက်ရှိရာ ထိုဆေးရုံများနှင့် အင်းစိန်ဆေးရုံကြီး၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးနှင့် အင်းလျားစင်တာများကို ဦးစားပေးအဖြစ် ပေးဝေရန်နှင့် ပြည်သူများ အောက်ဆီဂျင်အိုး အလွယ်တကူဖြည့်တင်းနိုင်ရေး စီစဉ်ပေးရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာကြသူများက ပြည်သူ့ဆေးရုံများ၊ ကိုဗစ်ကုသရေး စင်တာများနှင့် ပြည်သူများထံသို့ အောက်ဆီဂျင်အိုးများ ဖြည့်တင်းပေးနိုင်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ ယနေ့ညပိုင်းတွင် စေတနာရှင်အလှူရှင်များက ပြည်ပမှတင်သွင်းလာသော Liquid Oxygen မက်ထရစ်တန် ၂၀ သယ်ဆောင်လာသော ကား နှစ်စီး ရန်ကုန်သို့ ရောက်ရှိလာကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန် /ဆက် )**

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဇွန်လ ထိ) (ယာယီ)စာရင်းအရ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ (၂၂.၆၁) ဘီလီယံကျော် ဆောင်ရွက်နိုင်ခဲ့

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဇွန်လ ထိ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု (ယာယီစာရင်းအရ) ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၁၁.၂၀) ဘီလီယံ၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၁၁.၄၁) ဘီလီယံနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၂၂.၆၁) ဘီလီယံ ဖြစ်ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကာလတူတွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၁၃.၆၁) ဘီလီယံ၊ ပြည်ပ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၁၅.၀၃) ဘီလီယံ၊ ပြည်ပကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ (၂၈. ၆၄) ဘီလီယံဖြစ်သဖြင့် ယခင်ဘဏ္ဍာနှစ်ထက် ပို့ကုန် (၁၈) ရာခိုင်နှုန်း၊ သွင်းကုန် (၂၄) ရာခိုင်နှုန်းနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၂၁) ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

၂။ ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ဖြစ်ပါသည် -

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ် (ဇွန်လ ထိ) (ယာယီ) | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်(ဇွန်လ ထိ) | နှိုင်းယှဉ်ချက်တိုး (+)/ လျော့ (-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၄၀၄၂.၈၈၀ | ၃၀၉၀.၃၄၅ | (+) ၉၅၂.၅၃၅ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်း | ၁၇.၂၃၃ | ၆၃.၀၇၅ | (-) ၄၅.၈၄၂ |
| ၃ | ရေထွက်ပစ္စည်း | ၅၉၁.၆၆၇ | ၇၁၀.၃၃၅ | (-) ၁၁၈.၆၆၈ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၇၄၇.၇၀၃ | ၁၃၅၅.၄၆၁ | (-) ၆၀၇.၇၅၈ |
| ၅ | သစ်တောထွက်ပစ္စည်း | ၉၇.၆၈၁ | ၁၁၅.၁၁၆ | (-) ၁၇.၄၃၅ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၂၇၉.၂၅၉ | ၇၄၄၀.၀၉၆ | (-) ၂၁၆၀.၈၃၇ |
| ၇ | အခြားပစ္စည်းများ | ၄၂၂.၃၈၈ | ၈၃၇.၅၀၉ | (-) ၄၁၅.၁၂၁ |
| | **စုစုပေါင်း** | **၁၁၁၉၈.၈၁၁** | **၁၃၆၁၁.၉၃၇** | **(-) ၂၄၁၃.၁၂၆** |

၃။ ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်းဖြစ်ပါသည်-

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ် (ဇွန်လ ထိ) (ယာယီ) | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်(ဇွန်လ ထိ) | နှိုင်းယှဉ်ချက်တိုး (+)/ လျော့ (-) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၃၉၅၃.၃၆၈ | ၅၈၁၉.၅၅၉ | (-) ၁၈၆၆.၁၉၁ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၄၁၅၀.၅၀၁ | ၅၄၇၁.၇၆၃ | (-) ၁၃၂၁.၂၆၂ |
| ၃ | လူသုံးကုန်ပစ္စည်း | ၃၃၀၅.၈၇၀ | ၃၇၃၉.၁၈၀ | (-) ၄၃၃.၃၁၀ |
| | **စုစုပေါင်း** | **၁၁၄၀၉.၇၃၉** | **၁၅၀၃၀.၅၀၂** | **(-) ၃၆၂၀.၇၆၃** |

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၁၅**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သထုံမြို့တွင် ၅ ဒသမ ၁၂ လက်မ၊ နေပြည်တော်(ဇေယျာသီရိမြို့နယ်)တွင် ၃ ဒသမ ၃၄ လက်မ၊ ဂွမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ မိုးညှင်းမြို့နှင့် ရွှေကျင်မြို့တို့တွင် ၃ ဒသမ ၂၂ လက်မစီ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၇၆ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ညောင်လေးပင်မြို့တွင် ၁ ဒသမ ၇၈ လက်မ၊ ပျဉ်းမနား(ဝဲကြီး)တွင် ၁ ဒသမ ၇၃ လက်မ၊ မဒေါက်မြို့တွင် ၁ ဒသမ ၅၄ လက်မ၊ ကျောက်တော်မြို့တွင် ၁ ဒသမ ၄၆ လက်မနှင့် ကော့သောင်းမြို့တွင် ၁ ဒသမ ၂၆ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ကိုဗစ်ကာကွယ်ရေးပစ္စည်းဝေနေသူကို ရက်ရက်စက်စက်ပစ်သတ်သွားတာ တော်လှန်ရေးလား

နေခြည်သွေး

အမရပူရမြို့နယ် မြစ်ငယ်မြို့လေးက အင်မတန်အေးချမ်းတဲ့ မြို့လေးပါ။ ဇူလိုင်လ ၁၄ ရက်နေ့က မြစ်ငယ်မြို့လေးမှာ ရာဇဝင်မှာ အမည်းစက်တင်ကျန်ရစ်ခဲ့တဲ့ ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့ပါတယ်။ ပြည်သူတွေ ကိုဗစ်-၁၉ တတိယလှိုင်းကြောင့် အခက်တွေ့နေချိန် မဖြစ်မနေ အပြင်ထွက်ရမယ့် ပြည်သူတွေ ကျန်းမာရေးအန္တရာယ်ကင်းစေဖို့ ဈေးရှေ့မှာ နှာခေါင်းစည်းဝေနေတဲ့ အမျိုးသမီးတစ်ဦး ရက်ရက်စက်စက် သေနတ်နဲ့ ပစ်သတ်ခံလိုက်ရပါတယ်။

**❍ သေဆုံးသူအမျိုးသမီးက ဒေါ်သက်သက်ချိုဖြစ်ပြီး သူ့လိုမျိုး အပြစ်မရှိဘဲ အကြမ်းဖက်လူတစ်စုရဲ့ မတရားသတ်ဖြတ်မှုကိုခံရသူ ဝန်ထမ်း၊ ပြည်သူ စုစုပေါင်း ၆၀၀ ကျော်လာခဲ့ပြီဖြစ်၊ ဒါပေမယ့် ဘယ်နိုင်ငံတကာကမှ အဲဒီသေဆုံးခဲ့ရသူတွေကို အသိအမှတ်မပြု၊ ဒလန်ဆိုတဲ့ မဟုတ်မမှန် စွပ်စွဲချက်အောက်မှာ အမှန်တရားက ပျောက်ဆုံးနေ**

ဆိုင်ကယ်စီးလာတဲ့ အကြမ်းဖက်သမားနှစ်ဦးက ပြောင်းတိုနဲ့ ပစ်သတ်ထွက်ပြေးသွားကြပြီး အဲဒီအမျိုးသမီးကတော့ နေရာမှာတင် လဲကျသေဆုံးသွားခဲ့ရပါတယ်။ ဒါဟာ နွေဦးတော်လှန်ရေးပဲလား၊ အပြစ်မဲ့ပြည်သူတွေကို ကိုယ်နဲ့ ခံယူချက်၊ ယုံကြည်ချက်မတူတိုင်း ရန်သူလိုသဘောထား ရက်စက်စွာနဲ့ လူသတ်ဝါဒဟာ နွေဦးတော်လှန်ရေးရဲ့ သရုပ်မှန်လားဆိုတာ ပြည်သူတွေက အံ့သြဘနန်းဖြစ်ခဲ့ရပါပြီ။

အဲဒီအမျိုးသမီးက ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးလည်းဖြစ်ပြီး လူမှုရေး၊ ရပ်ရွာအရေးတွေမှာ တက်တက်ကြွကြွ ဆောင်ရွက်လေ့ရှိသူလည်း ဖြစ်ပါတယ်။ အဲဒီနေ့ကလည်း ကိုဗစ်-၁၉ ကြောင့် လူတိုင်း စတေးဟုမ်းနေရချိန်မှာတောင် သူ့ခမျာ မဖြစ်မနေ အပြင်ထွက်လာကြမယ့်သူတွေအတွက် ပညာပေးလုပ်ငန်းတွေ၊ ကိုဗစ်ရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းတွေကို လုပ်ဆောင်နေခဲ့သူပါ။ အဲဒါကို ယုံကြည်ချက်မတူတိုင်း ရန်သူလိုသဘောထားပြီး အကြမ်းဖက်လူသတ်နေတာက PDF ရဲ့ လုပ်ရပ်၊ နောက်ကွယ်က စေခိုင်းမြှောက်ပင့်ပေးနေတဲ့ အကြမ်းဖက်လူစုတွေဖြစ်တဲ့ NUG, CRPH တို့ရဲ့ လက်ချက်ပဲ ဖြစ်ပါတယ်။

**သေဆုံးသူအမျိုးသမီးက ဒေါ်သက်သက်ချိုဖြစ်ပြီး သူ့လိုမျိုး အပြစ်မရှိဘဲ အကြမ်းဖက်လူတစ်စုရဲ့ မတရားသတ်ဖြတ်မှုကိုခံရသူ ဝန်ထမ်း၊ ပြည်သူ စုစုပေါင်း ၆၀၀ ကျော်လာခဲ့ပြီ ဖြစ်ပါတယ်။ ဒါပေမယ့် ဘယ်နိုင်ငံတကာကမှ အဲဒီသေဆုံးခဲ့ရသူတွေကို အသိအမှတ်မပြုခဲ့ပါဘူး။ ဒလန်ဆိုတဲ့ မဟုတ်မမှန် စွပ်စွဲချက်အောက်မှာ အမှန်တရားက ပျောက်ဆုံးနေခဲ့ရပါတယ်။**

ဖြစ်ရပ်တွေက မှန်မှန်ကန်ကန်ကြီး ပေါ်ပေါက်နေတာတောင်မှ မီဒီယာတွေမှာ ဒလန်မို့ အသတ်ခံရတယ်ဆိုတဲ့ ပုံပျက်ပန်းပျက် ရေးသားမှုတွေကသာ နေရာယူလျက်ရှိတဲ့အပြင် သေဆုံးရသူကိုတောင် ထပ်မံစော်ကားမော်ကား ပြောဆိုတာတွေပြုလုပ်လာတာကို မြင်ရတဲ့အခါ အကြမ်းဖက်လူသတ်ဝါဒီသမားတွေကိုရော၊ ဘုမသိဘမသိ ထောက်ခံနေကြသူတွေကိုရော စိတ်ပျက်မိသလို၊ အမှန်တရား မျက်ကွယ်ပြုခံနေရတာအတွက်လည်း ခံပြင်းမိပါတယ်။

ကျောင်းသားတွေကို ကျောင်းမတက်ရဲအောင် အမျိုးမျိုးခြိမ်းခြောက်အကျပ်ကိုင်၊ ဝန်ထမ်းတွေ ရုံးမတက်ရဲအောင် ခြိမ်းခြောက်၊ အပြစ်မဲ့ပြည်သူတွေကို ကိုယ်ကြိုက်တဲ့ပါတီကို မကြိုက်တိုင်း စော်ကား၊ စောင်းမြောင်းရုံနဲ့ အားမရဘဲ ဒလန်ဆိုပြီး ပေါ်ပေါ်တင်တင်သတ်ဖြတ်တာ၊ အရှက်တကွဲ အကျိုးနည်းအောင်လုပ်ဆောင်တာတွေ၊ ကျောင်းတွေအနီး၊ လူစည်ကားရာနေရာတွေမှာ ဗုံးကွဲအောင်၊ သေကျေပျက်စီးအောင် လုပ်ဆောင်နေတာတွေကို မီဒီယာတွေက နှာစေးပြီး အမှန်တရားကို ဖင်ခုထိုင်ထားကြတယ်လို့ ပြည်သူတစ်ယောက်အနေနဲ့ ခံစားလာရပါတယ်။

အခုဖြစ်ရပ်ဟာ အကြမ်းဖက်လူသတ်လုပ်ရပ်ကြီးဖြစ်ပါတယ်။ အဓိကတရားခံတွေက NUG, PDF, CRPH တို့ဖြစ်ပါတယ်။ ဒါကို မီဒီယာအားလုံးကလည်း သိကြတယ်။ နိုင်ငံတကာကလည်း အမှန်အတိုင်းသိချင်လို့ မြင်အောင်ကြည့်ရင်သိနိုင်ပါတယ်။ မသိချင်ဘူးဆိုပြီး မျက်လုံးပိတ်၊ နားပိတ်ထားရင်တော့ ဘယ်လိုမှ အမှန်တရားကို မြင်နိုင်ကြမှာမဟုတ်ပါဘူး။ အကြမ်းဖက်လူသတ်လုပ်ရပ်တွေကို တော်လှန်ရေးဆိုပြီး ခေါင်းစဉ်တပ်တယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကအကြမ်းဖက်သမားတွေကို နှိမ်နင်းတာကိုတော့ နှိပ်စက်ညှဉ်းပန်းတယ်ဆိုပြီး မုသားအပြည့်နဲ့ ကမ္ဘာကို လှည့်ပတ်လိမ်ညာနေတာတွေ ရပ်တန်းက ရပ်သင့်နေပါပြီ။ ဆူပူအကြမ်းဖက်မှုတွေ စတင်လာခဲ့ချိန်ကစပြီး ဆန္ဒပြသူတွေထဲမှာ သာမန်ပြည်သူတွေအပြင် NLD ပါတီကို အစွန်းရောက်စိတ်နဲ့ ဝန်းရံသူတွေပါဝင်ပါတယ်။ သူတို့ရဲ့ ဆိုးရွားတဲ့ အတွေးအခေါ် အမှားတွေ၊ ကိုယ်နဲ့မတူ ရန်သူစိတ်ထားတွေနဲ့ အယူအဆအလွဲတွေဟာ အွန်လိုင်း ပလက်ဖောင်းတွေကနေ ပြည်သူတွေဆီကို ကူးစက်ရောက်ရှိလာခဲ့ပါတယ်။ အမျိုးမျိုးပျံ့နှံ့နေတဲ့ သတင်းမှားတွေကို မစိစစ်နိုင်တဲ့ (အထူးသဖြင့်) လူငယ်တွေဟာ သွေးဆူဆူနဲ့ လိုက်ပါလုပ်ဆောင်ရင်း အခုလို အကြမ်းဖက်လုပ်ရပ်တွေအထိ ကျူးလွန်လာမိကြတယ်လို့ ယူဆမိပါတယ်။

မိမိတို့လျှောက်လှမ်းနေကြတဲ့ နိုင်ငံရေးလမ်းကြောင်းက ဒီမိုကရေစီ ဖြစ်ပါတယ်။ အဲဒီအတွက် မိမိတို့ပြည်သူတွေ မျှော်လင့်ချက်တွေအများကြီးထားခဲ့ကြပါတယ်။ လက်သန်းတွေ မင်တို့ပြီးတော့လည်း ပါဝင်ခဲ့ကြပါတယ်။ ဒီမိုကရေစီခရီးရှည်ကြီးမှာ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲလို မသမာမှုတွေရှိလာတဲ့အခါ ထောက်ပြဝေဖန်သူတွေလည်း ရှိသလို၊ အမှန်တရားအတွက် အဖြေရှာရင်း နိုင်ငံတော်မယိမ်းယိုင်အောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထိန်းသိမ်းဖြည့်ဆည်းပေးနေချိန်ဖြစ်ပါတယ်။ ဒါပေမယ့် လူတိုင်းဟာ အကြောင်းတရားမတူညီနိုင်သလို၊ ခံယူချက်၊ ရပ်တည်ချက်ဆိုတာ ကွဲပြားကောင်းကွဲပြားနိုင်ပါတယ်။ မတူညီတာတွေကို စုစည်းပြီး တူညီတဲ့ပန်းတိုင်က ဒီမိုကရေစီ မဟုတ်ပါလား။ အချင်းချင်း ပြန်လည်သတ်ဖြတ်နေပြီး လူသတ်ပွဲကြီး နိုင်ငံအတွင်းမှာ ကျင်းပနေကြရုံနဲ့ မိမိတို့ပြည်သူတွေအားလုံး တောင့်တနေတဲ့ ဒီမိုကရေစီပန်းတိုင်က ပိုပြီးဝေးရုံသာရှိပါတယ်။

**❒ ပြည်သူတွေဟာ အေးချမ်းလုံခြုံမှုနည်းနည်းမှမရှိဘဲ အထိတ်ထိတ် အလန့်လန့်နဲ့ နေထိုင်နေကြရပြီဖြစ်၊ မည်သူမဆို ဒလန်ဆိုတဲ့ စွပ်စွဲချက်နဲ့ သေဆုံးသွားရနိုင်တယ် မဟုတ်ပါလား။ ပြည်သူတွေအနေနဲ့ လမ်းလယ်ကောင်မှာ ကိုဗစ်ကာကွယ်ရေးပစ္စည်းတွေဝေငှနေတဲ့ လက်နက်မပါတဲ့ပြည်သူကို သေနတ်နဲ့အချက်ပေါင်းများစွာ ပစ်သတ်သွားခဲ့တဲ့ သတ္တိကောင်းတဲ့ သူရဲကောင်းကြီး PDF၊ သူ့ထက်ပိုပြီး သတ္တိရှိရှိနဲ့ လေလှိုင်းကနေ သွေးဆာနေတဲ့ NUG၊ ပြည်သူအချင်းချင်း သွေးမြေကျဖို့ မြှောက်ပင့်သွေးထိုးရာမှာ ရဲရင့်လွန်းလှတဲ့ CRPH ဆိုပြီးတော့ပဲ အော့နှလုံးနာမိ၊ အပြစ်မဲ့ပြည်သူတွေကို အခုလို လူသတ်ဝါဒနဲ့ အကြမ်းဖက်ခြင်းအတွက် ပြည်သူတို့က လက်မခံဘဲ အမြန်ဆုံး ဖော်ထုတ် မြေလှန်တိုက်ထုတ်ကြပါစို့**

ပြည်သူတွေဟာ အေးချမ်းလုံခြုံမှုနည်းနည်းမှမရှိဘဲ အထိတ်ထိတ် အလန့်လန့်နဲ့ နေထိုင်နေကြရပြီဖြစ်ပါတယ်။ မည်သူမဆို ဒလန်ဆိုတဲ့စွပ်စွဲချက်နဲ့ သေဆုံးသွားရနိုင်တယ် မဟုတ်ပါလား။ ပြည်သူတွေအနေနဲ့ လမ်းလယ်ကောင်မှာ ကိုဗစ်ကာကွယ်ရေးပစ္စည်းတွေ ဝေငှနေတဲ့ လက်နက်မပါတဲ့ပြည်သူကို သေနတ်နဲ့အချက်ပေါင်းများစွာ ပစ်သတ်သွားခဲ့တဲ့ သတ္တိကောင်းတဲ့ သူရဲကောင်းကြီး PDF၊ သူ့ထက်ပိုပြီး သတ္တိရှိရှိနဲ့ လေလှိုင်းကနေ သွေးဆာနေတဲ့ NUG၊ ပြည်သူအချင်းချင်း သွေးမြေကျဖို့ မြှောက်ပင့်သွေးထိုးရာမှာ ရဲရင့်လွန်းလှတဲ့ CRPH ဆိုပြီးတော့ပဲ အော့နှလုံးနာမိပါတော့တယ်။ အပြစ်မဲ့ပြည်သူတွေကို အခုလို လူသတ်ဝါဒနဲ့ အကြမ်းဖက်ခြင်းအတွက် ပြည်သူတို့က လက်မခံဘဲ အမြန်ဆုံးဖော်ထုတ် မြေလှန်တိုက်ထုတ်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတော့တယ်။

# ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဇူလိုင် ၁၄ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

**အစီအစဉ်မှူး။ ။ နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ တတိယလှိုင်းဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဌာန၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။**

**ပထမဆုံးမေးခွန်းအနေနဲ့ ကိုဗစ် – ၁၉ ရောဂါ ခေတ်ခွဲအတည်ပြုလူနာနဲ့ထိတွေ့ခဲ့သူတွေ၊သံသယရှိသူတွေကို ကျန်းမာရေးစောင့်ရှောက်မှုတွေ ဘယ်လိုစီစဉ်ဆောင်ရွက်နေတယ်ဆိုတာကို သိပါရစေ။**

**ဒေါက်တာသန်းနိုင်စိုး။** ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တရားဝင်ထုတ်ပြန်ထားတာ ရှိပါတယ်။ ကိုဗစ်– ၁၉ အတည်ပြုလူနာနဲ့ ထိတွေ့ခဲ့သူတွေ၊ ကိုယ့်ကိုယ်ကိုယ် ရောဂါလက္ခဏာရှိတယ်လို့ သံသယရှိတဲ့သူ ဒီလူတွေကို စီစဉ်ထားမှုအနေနဲ့ ကိုဗစ် – ၁၉ ရောဂါ သံသယ ရှိသူတွေက အရင်ဆုံး သက်ဆိုင်ရာ ဒေသန္တရကျန်းမာရေးဌာနတွေနဲ့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးတွေကို ဆက်သွယ်ဖို့လိုပါတယ်။

ဒီလိုဆက်သွယ်ပြီး သက်ဆိုင်ရာကျန်းမာရေးဌာနက လိုအပ်တဲ့ ရောဂါပိုး ရှိ/မရှိ စစ်ဆေးမှုတွေကို ဆောင်ရွက်ပေးပါတယ်။ ဒီလိုစစ်ဆေးပေးတဲ့နေရာမှာလည်း သက်ဆိုင်ရာဒေသန္တရ ကျန်းမာရေးဌာနမှာ စစ်ဆေးပေးတဲ့အပြင် ၎င်းဌာနနဲ့ ချိတ်ဆက်ထားတဲ့ ပုဂ္ဂလိကခေတ်ခွဲအတည်ပြုရာဌာနတွေကိုလည်း ရည်ညွှန်းပေးပို့ စစ်ဆေးတာတွေကို ဆောင်ရွက်ပေးပါတယ်။ သက်ဆိုင်ရာက စစ်ဆေးလို့ ပိုးမတွေ့ (Negative) ဖြစ်တယ်ဆိုရင် အိမ်မှာ မိသားစုတွေနဲ့ ခပ်ခွာခွာနေပြီး ရောဂါလက္ခဏာကို ဆက်လက်စောင့်ကြည့်ပါတယ်။

ပိုးတွေ့ (Positive) ဖြစ်တယ်ဆိုရင် သက်ဆိုင်ရာကျန်းမာရေးဌာနကနေ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် ကိုဗစ်ကော်မတီကို သတင်းပေးပို့ပါတယ်။ နောက်လူနာရဲ့ ကျန်းမာရေးအခြေအနေပေါ်မူတည်ပြီး လူနာနဲ့ သင့်တော်တဲ့ဆေးရုံတွေ၊ ကိုဗစ်စင်တာတွေကို ပို့ဆောင်ပေးပါတယ်။ ရောဂါလက္ခဏာ ပြင်းထန်မယ်ဆိုရင် ပြည်သူ့ဆေးရုံများမှာ လူနာခုတင်တက်ရောက်မှု ကုသနိုင်ရေး စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်ပေးတဲ့ ဆေးရုံနဲ့ ကိုဗစ်ကုသရေးစင်တာတွေကို ပို့ဆောင်ကုသပေးနိုင်ရေး ချိတ်ဆက်စီစဉ်ပေးပါတယ်။

ဒီနေရာမှာ ကိုဗစ် – ၁၉ ရောဂါသံသယရှိပြီး အိမ်ပြန်သွားတဲ့သူတွေမှာနဲ့ ရုတ်တရက် အိမ်မှာနေရင်း အောက်ဆီဂျင် ထိုးကျတာမျိုးတွေဖြစ်တဲ့ လူနာတွေစတဲ့ အရေးပေါ်လူနာတွေကို သက်ဆိုင်ရာ ပြည်သူ့ဆေးရုံတွေကနေ လက်ခံပေးဖို့ဝန်ကြီးဌာနကနေ ကုသရေးဦးစီးဌာနသို့တစ်ဆင့် ညွှန်ကြားထားပါတယ်။ ဒါကြောင့် အရေးပေါ် လူနာတွေအနေနဲ့ သက်ဆိုင်ရာ ပြည်သူ့ဆေးရုံတွေကို သွားရောက်နိုင်ကြောင်းကို သတင်းကောင်းပေးလိုပါတယ်။ အရေးပေါ်ဖြစ်လာချိန်မှာ ဘယ်သွားရမှန်းမသိတဲ့ လူနာတွေအနေနဲ့ ယခုအချိန်မှာ နီးစပ်ရာဆေးရုံကို သွားလို့ရပြီး ဆေးရုံတွေမှာလည်း အရေးပေါ်ကုသမှုပေးဖို့အတွက် စီစဉ်ဆောင်ရွက်ထားကြောင်းကို ကျွန်တော့်အနေနဲ့ အသိပေးတင်ပြလိုပါတယ်။

အတိုချုပ်ပြန်ပြောရရင်တော့ လူနာတွေအတွက် ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုနဲ့ စစ်ဆေးမှုကို ခံယူရမယ့်နေရာတွေ ဒါကို ကျန်းမာရေးစောင့်ရှောက်မှုစနစ်ရဲ့ အောက်မှာ ထည့်သွင်းထားပါတယ်။ အရေးပေါ်ဖြစ်လာရင်လည်း အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ခံယူရမယ့်လမ်းကြောင်းတွေကို ဖွင့်လှစ်ထားတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ဒီနေရာကနေ အသိပေးပြောကြားလိုပါတယ်။

**အစီအစဉ်မှူး။ ။ ကိုဗစ် – ၁၉ ရောဂါ ခေတ်ခွဲအတည်ပြုလူနာနဲ့ထိတွေ့ခဲ့သူတွေ ကွာရန်တင်းစင်တာကို ရောက်တဲ့အခါ ဘယ်လိုမျိုး နေထိုင်စားသောက်သင့်တယ်ဆိုတာကို ကျန်းမာရေးအမြင်အရ ဖြေကြားပေးပါဦး။**

**ဒေါက်တာသန်းနိုင်စိုး။** ။ ကျွန်တော်တို့ ကွာရန်တင်းစင်တာတွေအနေနဲ့ လိုက်နာဆောင်ရွက်ရမယ့် လုပ်ငန်းလမ်းညွှန်ဗားရှင်း (၃ ဒသမ ၀)ကို ဝန်ကြီးဌာနက ၂၀၂၁ ခုနှစ် ဇူလိုင်လ ၅ ရက်မှာ ထုတ်ပြန်ပေးထားပြီးဖြစ်ပါတယ်။ အဲဒီမှာ အသွားအလာကန့်သတ်ထားတဲ့ Community Based Facility Quarantine Center တစ်ခု ပြင်ဆင်တဲ့အပိုင်းပါတယ်။ ဒီစင်တာကို ဝင်ရောက်တဲ့သူတွေအနေနဲ့ လိုက်နာရမယ့် စည်းကမ်းတွေ ပါပါတယ်။

ကျွန်တော့်အနေနဲ့ ဒီနေရာမှာ ဝင်ရောက်သူတွေ လိုက်နာရမယ့်အချက်တွေကို ပြောသွားပါမယ်။ စင်တာကို ရောက်ရှိပြီဆိုရင် ကိုယ့်အတွက် သတ်မှတ်ထားတဲ့နေရာမှာပဲ နေရပါမယ်။ စင်တာမှာရှိတဲ့ တခြားအခန်းတွေကို သွားရောက်ခြင်း၊ တခြားသူတွေနဲ့အတူတကွစားသောက်ခြင်း၊ ဝိုင်းဖွဲ့ပြီးစကားပြောခြင်း၊ ပြင်ပကို ခိုးထွက်ခြင်းတွေကို လုံးဝ(လုံးဝ) မလုပ်ရပါဘူးဆိုတာ နံပါတ် (၁) အနေနဲ့ ပြောကြားထားပါတယ်။




အသွား/အလာ ကန့်သတ်ခြင်းခံရသည့်သူ တစ်ဦးချင်းသည် ရောဂါလက္ခဏာမပြသော ရောဂါပိုးသယ်ဆောင်သူဖြစ်နိုင်တဲ့အတွက် တစ်ဦးနဲ့တစ်ဦး အနည်းဆုံး(၆)ပေအကွာ ခပ်ခွာခွာနေရပါမယ်။ ပါးစပ်နဲ့နှာခေါင်းစည်း (Mask)ကို စားသောက်ချိန်နဲ့ အိပ်ချိန်မှအပ အချိန်ပြည့် တပ်ဆင်ထားဖို့ လိုပါတယ်။ ဒါမှသာလျှင် ကွာရန်တင်းစင်တာအတွင်း နေထိုင်ကြသူ အချင်းချင်းရောဂါပိုး မကူးစက်မှာ ဖြစ်ပါတယ်။

နောက်တစ်ခုက လက်ကို ဆပ်ပြာနဲ့ရေ (သို့မဟုတ်) အနည်းဆုံး အယ်ကိုဟောလ် (၆၀) ရာခိုင်နှုန်းပါသော ရေမလိုလက်သန့်စင်ဆေးရည်ကို အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးကြောရပါမယ်။ အများသုံးပစ္စည်းများ မကိုင်တွယ်မီနဲ့ ကိုင်တွယ်ပြီးတိုင်း၊ အိမ်သာအသုံးပြုပြီးတိုင်း၊ အစာ မစားမီတိုင်း၊ နှာချေ၊ ချောင်းဆိုး၊ နှာရည်ညှစ်တဲ့အခါတိုင်း၊ ပါးစပ်နဲ့ နှာခေါင်းစည်း(Mask)ကို မကိုင်တွယ်မီနဲ့ ကိုင်တွယ်ပြီးတိုင်း လက်ကိုစနစ်တကျ ဆေးကြောရမယ်။ နှာချေ၊ ချောင်းဆိုးတဲ့အခါတိုင်း တစ်ရှူး (သို့မဟုတ်) တံတောင်ကွေးနဲ့ ပါးစပ်နဲ့ နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ရမယ်။ အသုံးပြုပြီးတစ်ရှူးကို အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ရမယ်။ လက်ကို စနစ်တကျပြန်လည်ဆေးကြောရမယ်။ ကိုယ်အပူချိန်တိုင်းခြင်းနဲ့ ကျန်းမာရေးအခြေအနေစစ်ဆေးခြင်းတို့ကို မပျက်မကွက် ပါဝင်ဆောင်ရွက်ရမယ်။ တစ်နေ့ (၂) ကြိမ်ခံယူရမယ်။ ဖြစ်နိုင်ပါက ကိုယ်အပူချိန်တိုင်းတာခြင်းနဲ့ သွေးတွင်းအောက်ဆီဂျင်ပမာဏ တိုင်းတာခြင်းကို မိမိကိုယ်တိုင် ဆောင်ရွက်ပြီး တာဝန်ရှိသူတွေထံ သတင်းပို့ရပါမယ်။ ဖျားနာခြင်း (ကိုယ်အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ် (သို့မဟုတ်) ၁၀၀ ဒသမ ၄ ဒီဂရီဖာရင်ဟိုက် အထက်ရှိခြင်း)၊ ချောင်းခြောက်ဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ရုတ်တရက်အနံ့အရသာ ပျောက်ဆုံးခြင်း၊ အသက်ရှူရ ခက်ခဲခြင်း၊ သွေးတွင်းအောက်ဆီဂျင်ပမာဏ (၉၂ ရာခိုင်နှုန်း) အောက်ကျဆင်းခြင်းစတဲ့ လက္ခဏာတွေဖြစ်ပေါ်ပါက သက်ဆိုင်ရာစင်တာက တာဝန်ရှိသူထံ ချက်ချင်းဆက်သွယ် အကြောင်းကြားပြီး ဆေးကုသမှုခံယူရပါမယ်။ စည်းကမ်းမဲ့တံတွေးထွေးခြင်း၊ စည်းကမ်းမဲ့အမှိုက်ပစ်ခြင်း၊ ကွမ်းယာစားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်းတွေကို လုံးဝရှောင်ကြဉ်ရပါမယ်။

ဒီလိုရှောင်ကြဉ်တာတွေက အပြင်မှာရှိတဲ့ လူတွေအတွက်လည်း တော်တော်အရေးကြီးပါတယ်။ ကွမ်းယာစား မယ်ဆိုရင် ကွမ်းယာစားတဲ့အချိန်မှာ မက်စ်ကချွတ်ရပြီ။ ကွမ်းယာကို ငုံရပြီ အဲဒီအခါ မက်စ်က မရှိတော့ဘူး။ ကွမ်းသွေးထွေးမယ်ဆိုရင်လည်း မက်စ်ကို ချွတ်ရတယ်။ ချွတ်တဲ့၊ တပ်တဲ့အချိန်နဲ့နောက်ပြီး ကိုယ့်မှာ ပိုးရှိနေတယ်ဆိုရင် တံတွေးထွေးတဲ့အခါ ပိုးတွေပါသွားပြီး ကိုယ့်တံတွေးထဲမှာ ပိုးကရှိနေမယ်။ အဲဒီလိုပဲ ဆေးလိပ်သောက်တဲ့လူက ပိုပြီးအန္တရာယ်များပါတယ်။ ဆေးလိပ်သောက်တဲ့အခါ ဆေးလိပ်ငွေ့က အဆုတ်ကိုထိတယ်။ သောက်နေတဲ့အချိန်မှာလည်း မက်စ်ကတပ်လို့ မရဘူး။ အဆုတ်ကိုထိပြီး အဆုတ်က ဆေးလိပ်ငွေ့တွေနဲ့ ဒဏ်ရာရနေတဲ့ အချိန်မှာ ပိုးကထပ်ဝင်မယ်ဆိုရင် ပိုပြီးဆေးလိပ်သောက်တဲ့ သက်တမ်းရင့်လေလေ ရောဂါကို ပိုပြီး ပြင်းပြင်းထန်ထန်ခံစားရလေလေ ဖြစ်ပါတယ်။ ဒီကိစ္စကလည်း ရှောင်ကြဉ်သင့်တဲ့ကိစ္စ ဖြစ်ပါတယ်။ တံတွေးထွေးတာ၊ ကွမ်းစားတာ၊ ဆေးလိပ်သောက်တာတွေကို စင်တာမှာ နေတဲ့အချိန်ပဲဖြစ်ဖြစ်၊ အပြင်မှာဖြစ်ဖြစ် အခုလို ကိုဗစ်ရောဂါဖြစ်ပွားစဉ်ကာလမှာ အထူး

## ထက်လျှံ

သတိပြုပြီး ရှောင်ကြဉ်ရမယ့် အချက်တွေဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးအတွက် ကျန်းမာရေး ဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေကို Volunteer အနေနဲ့ ဖိတ်ခေါ်ထားတာရှိပါတယ်။ ဒါတွေနဲ့ ပတ်သက်ပြီး ဖြေကြားပေးပါဦး။**

**ဒေါက်တာသန်းနိုင်စိုး။** ။ ကျွန်တော်တို့မှာလည်း လူနာတွေကို ကုသစောင့်ရှောက်တဲ့နေရာမှာ၊ ရောဂါထိန်းချုပ်တဲ့နေရာမှာ လူ့စွမ်းအားအရင်းအမြစ်တွေ အများကြီးလိုပါတယ်။ ဆေးရုံတွေမှာ ကုသတဲ့နေရာမှာ အခုဆိုရင် လူဦးရေက ၅၀ ရာခိုင်နှုန်း၊ ၆၀ ရာခိုင်နှုန်းနဲ့ လုပ်နေရတဲ့ နေရာတွေလည်း အများကြီးပါ။ အဲဒီအခါ လူနာတွေများလာတာနဲ့အမျှ တစ်ဖက်က လက်ရှိလုပ်ငန်းမှာ တာဝန်ထမ်းဆောင်နေတဲ့လူတွေက တော်တော်ကို ဝန်ပိပါတယ်။ အလုပ်များပါတယ်။ လက်ရှိတာဝန် ထမ်းဆောင်နေတဲ့လူတွေကို ဒီနေရာကနေ လေးစားပါတယ်၊ ချီးကျူးဂုဏ်ပြုတဲ့ အကြောင်းကို ဒီနေရာကနေ တင်ပြလိုပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ရောဂါကာကွယ် ထိန်းချုပ်ကုသတဲ့လုပ်ငန်းစဉ်မှာ ကာကွယ်တဲ့အပိုင်းမှာ အရေးကြီးတဲ့အချက်က လူတိုင်းလူတိုင်းက ကိုဗစ် – ၁၉ တတိယလှိုင်းဖြစ်ပွားနေပြီဆိုရင် ဒီရောဂါကြီးကို ကာကွယ်ထိန်းချုပ်ချင်ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာကိုယ်နဲ့လည်း ဆိုင်တယ်။ ကိုယ့်မိသားစုနဲ့လည်း ဆိုင်တယ်။ ကိုယ့်မြို့၊ ကိုယ့်တိုင်းနဲ့ ပြည်နယ်၊ ကိုယ့်နိုင်ငံနဲ့လည်း ဆိုင်တယ်။ အဲဒီတော့ ကာကွယ်ချင်တဲ့စိတ်က လူတိုင်းမှာ ရှိကြတယ်။ နံပါတ်တစ် ကိုယ့်ကိုယ်ကိုယ် စပြီးကာကွယ်လိုက်ကတည်းက ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်ထဲမှာ ပါပြီ။ ပထမဦးဆုံးအောင်မှတ် စရပြီ။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ပါ။ မိသားစုကို ကာကွယ်ပေးပါ။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်လိုက်တာနဲ့ ကာကွယ်ရေးလုပ်ငန်းစဉ်ထဲမှာ ပါဝင်တဲ့လူတစ်ယောက်ဖြစ်ပါတယ်။ ဒီထက်ပိုပြီး ကာကွယ်ဖို့က ကိုယ့်လို မကာကွယ်နိုင်တဲ့လူတွေ၊ ကံမကောင်းအကြောင်းမလှလို့ ရောဂါဖြစ်ပွားတဲ့ လူတွေရှိမယ်။ ရောဂါဖြစ်ပွားတဲ့လူတွေ အရေအတွက်နည်းအောင်က ထိန်းချုပ်တဲ့ လုပ်ငန်းစဉ်တွေရှိပါတယ်။ ကိုယ်က ကိုယ့်ကိုယ်ကိုယ်လည်း ကာကွယ်တတ်တယ်။ တစ်ဖက်က အခြားလူတွေ ဖြစ်နေတာကိုလည်း ကျွန်တော်တို့နိုင်ငံမှာ စေတနာ့ဝန်ထမ်းရှိတဲ့ လူတွေ မရှားပါဘူး။ တစ်ဖက်သားကို ကူညီချင်တယ်။ ကိုယ့်မှာ ပိုနေရင်လည်းသူများကို လှူတယ်။ ဝေမျှစားသောက်တယ်။ ကျွန်တော်တို့လူမျိုးက အတော့်ကို စေတနာကောင်းတဲ့ လူမျိုးဖြစ်ပါတယ်။ ကိုယ်က ကာကွယ်ရေးနည်းလမ်းတွေ နားလည်တယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ကာကွယ်တတ်လို့ ရောဂါမဖြစ်ဘူး။ အဲဒီလို အနေအထားမျိုးမှာ တခြားလူတွေ ခံစားနေရတာတွေကိုလည်း တတ်နိုင်သမျှ လျော့ပါးစေဖို့ ရောဂါထိန်းချုပ်တဲ့အပိုင်းမှာ ပူးပေါင်းပါဝင်ဖို့ လိုပါတယ်။

နောက်တစ်ခုက ကိုယ်က ဆေးပညာ၊ လူနာပြုစုမှု ပညာတွေ တတ်ကျွမ်းတယ်ဆိုရင် တစ်ဖက်က ကိုယ့်လုပ်ဖော်ကိုင်ဖက် ညီအစ်ကိုမောင်နှမတွေက ဆေးရုံတွေမှာ လူနာတွေများလို့ မနိုင်ဝန်ထမ်းနေရတဲ့အချိန်မှာ ကိုယ်ကလည်း တစ်တပ်တစ်အား ကိုယ်တတ်ထားတဲ့ ဆေးပညာနဲ့ ဝင်ရောက်ကူညီမယ်ဆိုရင် ကာကွယ်တဲ့ လုပ်ငန်းရော၊ ထိန်းချုပ်တဲ့ လုပ်ငန်းရော၊ ကုသတဲ့လုပ်ငန်းပါ အချိန်တိုအတွင်းမှာ အောင်မြင်မှာ ဖြစ်ပါတယ်။

အဲဒီအခါကျတော့ ကျွန်တော်တို့အနေနဲ့ ပြည်သူတွေ ကိုယ့်ကိုယ်ကိုယ်စပြီး ကာကွယ်ကြတယ်ဆိုကတည်းကိုက အောင်မှတ်အပြည့်ပေးလိုက်ပါပြီ။ ခုနပြောတဲ့ ထပ်ပြီးဂုဏ်ထူးအမှတ်ရဖို့ ဆိုတာက အခြားလူတွေကို ကူညီဖို့လိုပါတယ်။ အဲဒီလိုနေရာမှာ အခြားလူတွေကို ကူညီပေးပါ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတာ ရှိပါတယ်။ မည်သူမဆို စေတနာ့ဝန်ထမ်းတွေ ကူညီကြပါ။ ကျွန်တော်တို့မှာ ဝန်ထမ်းနည်းတဲ့ အပိုင်းတွေရှိပါတယ်။ စေတနာ့ဝန်ထမ်းတွေအနေနဲ့ ကျွမ်းကျင်ပညာရှင်တွေ၊ ဆရာဝန်တွေ၊ သူနာပြုတွေ လိုပါတယ်၊ နောက်တစ်ခုက အင်ဂျင်နီယာတွေလိုပါတယ်။ အခုလို Oxygen Plant တွေ ထုတ်လုပ်ရတယ်။ အောက်ဆီဂျင်တွေ ထိန်းသိမ်းရတယ်။ Oxygen Plant အတွက် အဆောက်အအုံတွေ ဆောက်ရတယ်။ စက်ပိုင်းဆိုင်ရာ၊ အဆောက်အအုံပိုင်းဆိုင်ရာ၊ လျှပ်စစ်ပိုင်းဆိုင်ရာ တတ်ကျွမ်းတဲ့ အင်ဂျင်နီယာတွေလည်း အများကြီး လိုပါတယ်။ နောက်တစ်ခုက သတင်းအချက်အလက်စီမံခန့်ခွဲတဲ့ Covid–19 Database တွေ ဆောင်ရွက်ပေးနိုင်မယ့် IT ပညာရှင်တွေ လိုပါတယ်။

*စာမျက်နှာ ၉ သို့*

အာဇာနည်နေ့အထိမ်းအမှတ်ဆောင်းပါး

# အာဇာနည်ခေါင်းဆောင်ကြီးပေးသည့် သမိုင်းသင်ခန်းစာ

မောင်ငြိမ်းအေး

မိုးတဖွဲဖွဲ တသဲသဲ ဇူလိုင်လသည် လွမ်းမောဖွယ်ရာ ဖြစ်သည်။

လွမ်းမောဖွယ်ရာတို့တွင် ဆွေးမြည့်ကြေကွဲစရာ များလည်းရှိသည်။ ဤလဤကာလတွင် လွမ်းမောဖွယ်ရာ ကြေကွဲစရာသည်ကား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ခေါင်းဆောင်များ ကျဆုံးခဲ့ရသည့် အဖြစ်ဆိုးကြီးပေတည်း။ ထိုအဖြစ်ဆိုးကြီးကို ကျွန်ုပ်တို့ ယနေ့တိုင် မမေ့နိုင်၊ ဝမ်းနည်းပူဆွေး ကြေကွဲနေရသည်။ ဗိုလ်ချုပ်အောင်ဆန်းသည်ကား ထာဝစဉ် မမေ့နိုင်သော အမျိုးသားခေါင်းဆောင် တကယ့်ယောကျ်ားကောင်း အာဇာနည်စစ်စစ်ပါပေတည်း။

ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံအတွက် မနားမနေ စွန့်စားလုံးပန်းအံ့ဟူ၍ အဓိဋ္ဌာန်ပြုပြီး ကျောင်းသားဘဝမှစတင်၍ နိုင်ငံရေးစွန့်စားမှုများ ပြုလုပ်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက်နေ့တွင် နိုင်ငံမှ တိတ်တဆိတ်ထွက်ခွာပြီး ရဲဘော်သုံးကျိပ်နှင့်အတူ ဂျပန်နိုင်ငံတွင် စစ်ပညာများ စွန့်စားသင်ယူခဲ့သည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလတွင် ဗိုလ်တေဇ အမည်ခံ၍ ရဲဘော်သုံးကျိပ်နှင့်အတူ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ကျောင်းသားဘဝ၊ သခင်ဘဝတို့တွင်သာမက ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့စည်းပြီးနောက်တွင် တိုင်းပြည်အတွက် မနေမနား ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

### တော်လှန်ရေးဝါဒ

လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ကြိုးပမ်းခဲ့သောခေတ်သည် ဒုတိယကမ္ဘာစစ်ပြီးကာလဖြစ်သည်။ စစ်ပြီးခေတ် မြန်မာနိုင်ငံ၏ ရုပ်ပိုင်းဆိုင်ရာဘဝမှာ ပြာပုံအတိ ဖြစ်နေသည်။ မြန်မာပြည်သူများ၏ဘဝမှာလည်း အဘက်ဘက်တွင် ချို့တဲ့ကာ စိတ်ဓာတ်ကျလျက်ရှိသည်။ နိုင်ငံနှင့် ပြည်သူတို့ဘဝမှာ ရုပ်ပိုင်းရော စိတ်ပိုင်းဘဝပါ ချွတ်ခြုံကျလျက် သုညဘဝသို့ ရောက်နေသည်။ တော်လှန်ရေးပြီးသောအခါ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းရာ၌ တစ်ဖက်တွင် အင်္ဂလိပ်နယ်ချဲ့၊ အလိုတော်ရိ၊ ဗျူရိုကရက်တို့က ပရိယာယ်မျိုးစုံဖြင့် ခြယ်လှယ်လှုပ်ရှားနေချိန်တွင် တစ်ဖက်တွင် နိုင်ငံရေးသမားတို့က တော်လှန်ရေးဝါဒဖြင့် လွတ်လပ်ရေးယူရန် အမျိုးမျိုးအဖုံဖုံ လှုပ်ရှားကြသည်။

ဗိုလ်ချုပ်အောင်ဆန်းက မျက်ကန်းမျိုးချစ်၊ မျက်ကန်းတော်လှန်ရေးကို အားမပေး၊ တော်လှန်ရေးသဘောတရားများကို အသံလွှင့်ပြောကြားခဲ့သည်။ "ကျုပ်တို့ဟာ တော်လှန်ရေးသမားပဲ။ ဒါပေမယ့် ကျုပ်တို့ဟာ ရည်ရွယ်ချက်၊ မှန်းထားချက်မရှိဘဲ မျက်ကန်းလိုလုပ်တဲ့ တော်လှန်ရေးကိုတော့ မကြိုက်ဘူး။ အကြမ်းပတမ်း တိုက်ခိုက်တဲ့ကိစ္စကိုမှ တော်လှန်ရေးလို့ ဆိုတာမဟုတ်ဘူး။ တော်လှန်ဆိုတာ လက်ရှိစနစ်ဟောင်းကို တော်လှန်ပြီးစနစ်သစ်ပေါ်ပေါက်လာတာကို ဆိုလိုတာပဲ" ဟု ပြောကြားခဲ့သည်။

### ညီညွတ်ရေးကိုစိုက်ထူ

ဆက်လက်၍ "သူတို့တွေဟာ ကိုယ့်လူမျိုးအချင်းချင်း သတ်ဖြတ်၊ လုယက်၊ သူပုန်ထ၊ မီးရှို့ ဒီလိုလုပ်နေတာ ဘာတော်လှန်ရေးလဲ၊ ဒါတော်လှန်ရေးတဲ့လား . . ." ဟူ၍ လည်းကောင်း။ " ကျုပ်တို့ဟာ တိုင်းပြည်ကို သစ္စာမဖောက်ဘူး။ အရမ်းမလုပ်ဘူး။ ခြေလှမ်းမှန်မှန်နှင့် လုပ်ကိုင်သွားမယ်။ အရင်ပါတီဟောင်းသဘောမျိုးတွေ မလိုက်ဘူး။ ကွန်မြူနစ်ပါတီ အချောင်သမားတွေလို ကမူးရှူးထိုးလဲ မလုပ်ဘူး" ဟူ၍ လည်းကောင်း ပြတ်ပြတ်သားသား ပြောကြားခဲ့သည်။

နိုင်ငံကို လွတ်လပ်လိုသော၊ အမျိုးကိုချစ်သော ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးအတွက် အရေးကြီးသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အုတ်မြစ်ကိုလည်း အခိုင်အမာစိုက်ထူခဲ့သည်။

မရှိမဖြစ်လိုအပ်သော တိုင်းရင်းသားသွေးစည်းညီညွတ်ရေးကို ပင်လုံညီလာခံတွင် သန္ဓေတည်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် "တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲအပြားပြား လုပ်နေရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ



အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလဲ သိနိုင်မယ်" ဟူ၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး လမ်းညွှန်ချက်ကို တိတိကျကျ မိန့်ကြားခဲ့သည်။

### ရှေ့ရေးကိုမြော်တွေး

နိုင်ငံတွင် မရှိမဖြစ် လိုအပ်သော တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ ပြည်သူလူထု ညီညွတ်ရေး ထိုညီညွတ်ရေးနှစ်ခုကို လူတိုင်းမမေ့စေရန် တိုင်းပြုပြည်ပြုလွှတ်တော်တွင် ဗိုလ်ချုပ်က "တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသားလူထု ညီညွတ်ရေး၊ စားဖားသမားတွေ ညီညွတ်နေတာ ကျွန်တော် မလိုချင်ပါဘူး၊ တိုင်းသူပြည်သား လူထုညီညွတ်ရေး အဲဒီညီညွတ်ရေး နှစ်ခု မရှိသမျှ ကာလပတ်လုံး ဒီတိုင်းပြည်ဟာ လွတ်ပင်လွတ်လပ်ငြားသော်လည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ် ဖာသယ်တိုင်းပြည်ဖြစ်နေမှာပဲလို့ ကျွန်တော်ပြောချင်တယ်၊ ဒီနှစ်ခုကို ခင်ဗျားတို့ မပျက်ပြားပါစေနဲ့။ ဘယ်သူက ဘာလုပ်လုပ် မပျက်ပါစေနဲ့၊ အဲဒါအင်မတန်အရေးကြီးပါတယ်"ဟု တိုင်းရင်းသားပြည်သူတိုင်း မမေ့မလျော့မပေ့ါစေရန် ရှေ့ရေးကို မြော်တွေး၍ တစ်သက်စာပြောကြားသွားခဲ့သည်။

ဗိုလ်ချုပ်သည် အသက်အရွယ် ငယ်ပင်ငယ်ငြားသော်လည်း နိုင်ငံနှင့် ပြည်သူအကျိုးအတွက်ဆိုလျှင် အသက်စွန့်ရန် ဝန်မလေးခဲ့။ အသက်ရှိစဉ်ကာလတို့တွင်လည်း သူ့အတွက် ရွှေ၊ ငွေ၊ ရာထူး၊ စည်းစိမ်ကို သူမမက်ခဲ့။ သူ၏ လက်တွေ့လုပ်ဆောင်ချက်များနှင့် သူ့စကားများက သူ့ဘဝ သရုပ်ကို ခြယ်မှုန်းပြသခဲ့ပေသည်။ "ကျုပ် တိုင်းပြည်လွတ်လပ်ရေးအတွက် အသက်စွန့်စရာရှိတဲ့အခါ ကျုပ်စွန့်ခဲ့တယ်။ ရှေ့ကိုလည်း စွန့်စရာပေါ်သေးရင် ကျုပ်စွန့်ပြီး လုပ်ရန်အသင့်ပါပဲ" ဟူ၍ ရဲရဲရင့်ရင့် သူ၏ခံယူချက်နှင့် သူ၏ဘဝကို မကွယ်မဝှက် ထုတ်ဖော်ပြောကြားခဲ့သည်။

### အကြမ်းဖက်သမား

မိမိ၏ စားရေး၊ ဝတ်ရေး၊ နေရေး၊ ဘဝနှင့် အသက်ကို ပဓာနမထား၊ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် နေ့ညမနား သယ်ပိုးထမ်းဆောင်နေသော ဗိုလ်ချုပ်ကို လုပ်ကြံသတ်ဖြတ်မည့် သတင်းစကားများ ကြိုတင်ရထားခဲ့သည်။ ဆိုင်ရာတို့ကလည်း သတင်းတင်ပြခဲ့သည်။ သို့သော် ဗိုလ်ချုပ်က သူ့တာဝန်ကိုသာ သူဆက်လုပ်သည်။ ဘာကိုမျှ ဂရုမစိုက်ခဲ့ချေ။ ရရှိသည့် သတင်းကား အမှန်ဖြစ်သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အစိုးရအဖွဲ့ဝင်များ ရန်ကုန်မြို့ အတွင်းဝန်ရုံးတွင် အစည်းအဝေးပြုလုပ်နေစဉ် မသမာသူ အကြမ်းဖက် လူသတ်သမားများ၏ လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရသည်။

ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံ၏ ရှေ့ရေးကို မြော်တွေး၍ ပြောကြားခဲ့သည့် သတိပေးစကားများသည် သွေးထွက်အောင်မှန်နေပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်နှင့် လူမျိုး ရှေ့ရေးအတွက် သတိပေးစကား ပြောကြားခဲ့သော်လည်း မိမိအတွက် သတိပေးစကားကိုမူ လက်မခံခဲ့ပေ။ ပြောသည့်အတိုင်းလုပ်ပြီး လုပ်သည့်အတိုင်းတိုင်းပြည်နှင့်လူမျိုးအတွက် ဘဝကို ရဲရဲဝံ့ဝံ့ ပေးဆပ်ခဲ့လေသည်။ ဗိုလ်ချုပ်သည် သူ၏ဘဝကို ပေးဆပ်ဝံ့သော်လည်း ဗိုလ်ချုပ်ကို ချစ်မြတ်နိုးသော တိုင်းရင်းသားပြည်သူများအတွက်မူ မျက်ကန်း မျိုးချစ်၊ အစွန်းရောက်နိုင်ငံရေးသမားစေခိုင်းသည့် အကြမ်းဖက်သမားများ၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရခြင်းကို ရင်ထုမနာဖြစ်ကြလေသည်။

❑ **မျက်မှောက်ကာလတွင်လည်း လွန်ခဲ့သော နှစ် ပေါင်း ၇၀ ကျော်က ဗိုလ်ချုပ်အောင်ဆန်း သတိပေးခဲ့သည့် အခြေအနေအတိုင်းဖြစ်နေပြီဟု ဆိုရမည်။ မျက်ကန်းနိုင်ငံရေးသမား၊ အစွန်းရောက် နိုင်ငံရေးသမားများ၏ မမှန်မကန် ဆောင်ရွက်မှုများကြောင့် တိုင်းပြည်ဖရိုဖရဲဖြစ်လာခဲ့သည်။ တိုင်းရင်းသားပြည်သူအချင်းချင်း စည်းလုံးညီညွတ်မှု ပြိုကွဲလာခဲ့သည်။ အချင်းချင်း ရန်လိုမုန်းထား ပိုများလာခဲ့သည်။ ပါတီစွဲ၊ ဝါဒစွဲများ ကြီးမားလာကြသည်။ ပြည်သူများအား နိုင်ငံရေးမှိုင်းတိုက်ပြီး တိုင်းပြည်ပျက်စီးရေးလမ်းကြောင်းကို တွန်းပို့ပေးကြသည်။ နိုင်ငံရေးသမား၊ အစွန်းရောက်သမား၊ အခွင့်ရေးသမား၊ အချောင်သမား၊ တောကြောင်များ ခေါင်းထောင်လာခဲ့သည်။ အမျိုးသားရင်ကြားစေ့ရေး ကြွေးကြော်လာခဲ့သူများကြောင့်ပင် အမျိုးသားရင်ကြား ဖြန်းဖြန်းကွဲလာခဲ့သည်။ တိုင်းပြည်ပျက်စီးသွားလျှင် ကိုယ်စီအခွင့်အရေးများရလာမည်ဟု အထင်အမြင်လွဲမှားအောင် ပြုလုပ်ထားကြသည်**

စာမျက်နှာ ၉ သို့




# ဗိုလ်မှူးချုပ် သန်းတင် (ငြိမ်း) ရေးသားသည့် “ကိုယ်တွေ့ဖြစ်ရပ်များ - စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ”စာအုပ် ထုတ်ဝေဖြန့်ချီ

**နေပြည်တော် ဇူလိုင် ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဗိုလ်မှူးချုပ်သန်းတင် (ငြိမ်း) ရေးသားသည့် “ကိုယ်တွေ့ဖြစ်ရပ်များ – စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ” စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ ယင်းစာအုပ်မှာ ၂၀၀၄ ခုနှစ် အမျိုးသားစာပေ (နိုင်ငံရေး) ဆုရစာအုပ်ဖြစ်ပြီး တတိယအကြိမ် ထုတ်ဝေခြင်းဖြစ်သည်။ စာရေးသူ၏ အသက် ၁၆ နှစ်အရွယ် တပ်သားသစ်ဘဝမှစတင်လျက် တပ်မတော်တွင် တာဝန်အဆင့်ဆင့် ထမ်းဆောင်လျက် နိုင်ငံနှင့် ပြည်သူအတွက် တိုက်ပွဲဝင်အောင်မြင်ခဲ့သည့် စစ်ခေါင်းဆောင်တစ်ဦး၏ ကိုယ်တွေ့မှတ်တမ်းစာအုပ်ဖြစ်သည်။

စာရေးသူက “ဤဖြစ်ရပ်တွေက တကယ့်ဖြစ်ရပ်တွေ ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီး မြန်မာ့တပ်မတော်သည် ရောင်စုံသူပုန်သောင်းကျန်းသူတွေအပေါ် တရားတဲ့စစ်ပွဲတွေဖြင့် ရင်ဆိုင်ခဲ့ရပါသည်။ ရဲဘော်တွေရဲ့ နောင်တော်တွေဟာ မည်ကဲ့သို့ တိုက်ခိုက်ပြီး ကျော်လွှားခဲ့ရသည့် ဖြစ်ရပ်တွေကို နောင်လာနောက်သား ညီငယ်အရာရှိ၊ အကြပ်တပ်သားတွေအားလုံးကို သိစေချင်ပါသည်” ဟု အမှာတွင် ရေးသားထားပြီး နိုင်ငံ၏လွတ်လပ်ရေးကို ထိန်းသိမ်းနိုင်ရန် တပ်မတော်သားများသည် ဓွဲ၊ စွမ်းရည် တိုင်းပြည်လူမျိုးနှင့် တပ်မတော်ကိုချစ်သည့် စိတ်ဓာတ်လိုအပ်ကြောင်း နှိုးဆော်ရေးသားထားသည်။

စာအုပ်တွင် စာမျက်နှာ ၄၃၇ မျက်နှာပါဝင်ပြီး အပိုင်း (၇) ပိုင်းခွဲကာ ကိုးကားသော စာအုပ်စာတမ်းများ၊ ဓာတ်ပုံ၊ မြေပုံများဖြင့် ပြည့်စုံဝေဆာစွာ ရေးသားထားသည်။ တန်ဖိုးငွေကျပ်၆၅၀၀ ဖြင့် ရန်ကုန်မြို့ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၇ မှ*

နောက်တစ်ခုက လူနာတွေလွှဲပြောင်းတဲ့လုပ်ငန်းပါ။ လူနာတင်ယာဉ်တွေနဲ့ စေတနာ့ဝန်ထမ်းတွေ ပူးပေါင်းကူညီခဲ့တာ၊ လူမှုရေးအသင်းတွေ ကူညီခဲ့တာ ဒီနေရာတွေမှာလည်း လိုပါတယ်။ နောက်တစ်ခုက အင်မတန်အရေးပါတဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းတွေမှာလည်း ကာကွယ်ဆေးထိုး သတင်းအချက်အလက်စနစ်မှာ မှတ်တမ်းရေးသွင်းတာ၊ ကွန်ပျူတာနဲ့ ပတ်သက်ပြီး ကျွမ်းကျင်တဲ့ Data Assistants တွေ လိုပါတယ်။ ဘယ်လုပ်ငန်းမှာပဲဖြစ်ဖြစ် ကူညီနိုင်တဲ့လူပေ့ါနော်၊ ကိုယ်တိုင်ကလည်း မက်စ်တပ်ထားမယ်။ အခြားလူကိုလည်း ကိုယ့်မှာရှိတဲ့ မက်စ်ကို ဝေလိုက်မယ်ဆိုရင် တစ်ဖက်လူက ရသွားမယ်။ အဲဒီလူက စေတနာ့ဝန်ထမ်း ကူညီတဲ့လူဖြစ်ပါတယ်။ ကိုယ့်နေရာနဲ့ကိုယ် စေတနာ့ဝန်ထမ်းလုပ်နေပေမယ့် ဒီ System ထဲမှာ စနစ်တကျ ကာကွယ်ထိန်းချုပ်ကုသမှုပေးနေတဲ့ လုပ်ငန်းစဉ်မှာ တစ်တပ်တစ်အား၊ တစ်ထောင့်တစ်နေရာက ပါဝင်လိုက်ရင် အင်္ဂလိပ်စကားပုံ တစ်ခု ရှိပါတယ်။ ၁+၁=၅ ဖြစ်သွားပါတယ်။ တစ်နည်းအားဖြင့် အချိန်ကိုက်စနစ်တကျ ပူးပေါင်းဆောင်ရွက်ခြင်းက အရေးကြီးပါတယ်။ ဒီလိုမျိုးစနစ်ထဲမှာ ဝင်ပြီးတော့ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ဒီရောဂါကြီးကို အမြန်ဆုံး ထိထိရောက်ရောက် ထိန်းချုပ်နိုင်မယ့်၊ ကုသပေးနိုင်မယ့် အင်အားတွေ ကျွန်တော်တို့ ကောင်းကောင်းရရှိမှာ ဖြစ်ပါတယ်။

အဲဒီအပြင် ကျွမ်းကျင်ပညာရှင်တွေလည်း ရှိပါတယ်။ စေတနာ့ဝန်ထမ်းဆိုတာကလည်း ရေရှည်လုပ်ဖို့ ခဲယဉ်းပါတယ်။ တချို့က ပြောကြမယ် ကျွန်တော်တို့က ကန်ထရိုက်စနစ်နဲ့ အချိန်တိုပဲ လုပ်နိုင်မယ်။ အချိန်ပြည့်တော့ မလုပ်နိုင်သေးဘူးဆိုရင်လည်း အချိန်တိုကာလမှာလုပ်နိုင်မယ့် ကန်ထရိုက်အနေနဲ့ ဒါတွေကိုလည်း ကုသရေးဦးစီးဌာနအနေနဲ့ ခေါ်နေတာတွေရှိပါတယ်။ နောက်ပိုင်းမှာ စိတ်ပါဝင်စားလို့ နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်ထမ်းဆောင်မယ်ဆိုရင်လည်း လမ်းကြောင်းတွေ ဖွင့်ပေးထားပါတယ်။ နောက်တစ်ခုက ကိုဗစ်စင်တာတွေမှာ ထမ်းဆောင်မယ်ဆိုရင်လည်း ကိုဗစ်စင်တာနဲ့ ပတ်သက်တဲ့ စားရိတ်စားခတွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို အပိုထောက်ပံ့ပေးတာမျိုးတွေကို ခံစားခွင့်ရရှိမှာ ဖြစ်ပါတယ်။ ဒါမျိုးတွေကိုလည်း ကျွန်တော်တို့က ဖိတ်ခေါ်ပါတယ်။ ဆရာဝန်တွေရော၊ သူနာပြုတွေရော ဖြစ်ပါတယ်။ ကိုယ်လုပ်ချင်တဲ့အပေါ်မှာ မူတည်ပြီး စေတနာ့ဝန်ထမ်းဖြစ်ဖြစ်၊ ကန်ထရိုက်စနစ် ဖြစ်ဖြစ် အားလုံးပူးပေါင်းပါဝင်ရင် Synchronized Coordination ကိုရမယ်၊ ဟိုနေရာတစ်စ၊ ဒီနေရာတစ်စ ပြန့်ကျဲနေတာမျိုး Piecemeal မဟုတ်တော့ဘဲ စနစ်ထဲမှာ အားလုံးပူးပေါင်းပြီး အလွန်အင်အားရှိတာကို ရလာမှာဖြစ်ပါတယ်။ လုပ်ငန်းတွေကို အောင်အောင်မြင်မြင် ထိထိရောက်ရောက်ဆောင်ရွက်နိုင်လာမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဆရာ့အနေနဲ့ ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောပြပေးပါ။**

**ဒေါက်တာသန်းနိုင်စိုး ။** ။ ကာကွယ်တဲ့အပိုင်း၊ ထိန်းချုပ်တဲ့အပိုင်း၊ ကုသတဲ့ အပိုင်းတွေမှာ တစ်ဦးတစ်ယောက်ချင်းစီက ပါဝင်ဖို့လိုပါတယ်။ အိမ်တိုင်း အိမ်တိုင်း၊ လူတိုင်း လူတိုင်း၊ မိသားစုတိုင်း ပါဝင်ဖို့လိုပါတယ်။ ဒီရောဂါကူးစက်မှုရဲ့အခြေခံက တစ်ဦးနဲ့ တစ်ဦး ထိတွေ့ကူးလူးဆက်ဆံမှုက ကူးစက်တာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအချိန်မှာ တတ်နိုင်သရွေ့ အိမ်မှာပဲနေပေးပါ။ အကြောင်းကိစ္စမရှိဘဲ အပြင်မထွက်ပါနဲ့။ အပြင်ထွက်ရရင်လည်း မက်စ်ကို မဖြစ်မနေ တပ်ထားပါ။ လက်ကို ခဏခဏဆေးပါ။ အခြားလူတွေနဲ့ ခပ်ခွာခွာ ၆ ပေအကွာနေပါ။ မဖြစ်မနေသွားရ၊ လုပ်ငန်းခွင်ထဲမှာ အလုပ်လုပ်ရရင်လည်း ကိုယ့်အချင်းချင်း အသိပေးပါ။ သတိပေးပါ။ လေဝင်လေထွက် မကောင်းတဲ့နေရာတွေကို ရှောင်ကြဉ်ပြီး လေဝင်လေထွက်ကောင်းတဲ့နေရာ ပြတင်းပေါက်ဆိုရင်လည်း တစ်ဖက်တည်း ဖွင့်ထားတာနဲ့စာရင် မျက်နှာချင်းဆိုင် နှစ်ဖက်ဖွင့်ထားရင် လေကဖြတ်တိုက်သွားရင် Cross ventilation ရရှိပြီး ပိုပြီးတော့ ရောဂါကာကွယ်ရေးအတွက် ကောင်းပါတယ်။ ဒါတွေကို ကျွန်တော်တို့ အားလုံးက လိုက်နာပေးကြပါလို့ ပန်ကြားအပ်ပါတယ်။

ဒီလိုလိုက်နာမှုအားကောင်းရင် ရောဂါဖြစ်ပွားမှုတွေ နည်းမယ်၊ ရောဂါကုသရေးအပိုင်းမှာလည်း လူနည်းနည်းကိုကုတဲ့အခါ အရည်အသွေးပြည့်ပြည့်ဝဝနဲ့ကုနိုင်ရင် သေဆုံးမှုတွေလည်း လျော့ကျမယ်။ လူနာတွေ တန်းစီနေရတာတွေလည်း လျော့မယ်။ ထိန်းချုပ်ရေးလုပ်ငန်းတွေ ကောင်းရင်ကောင်းသလို ဖြစ်ပွားတဲ့နေရာတွေလည်း တစ်နေ့တခြား နည်းသထက် နည်းလာမယ်။ ဒါဆိုရင် တတိယလှိုင်းကို အထိအခိုက်အနည်းဆုံးနဲ့ ကျွန်တော်တို့ ဖြတ်ကျော်နိုင်မှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ဟုတ်ကဲ့ပါ။ အခုလို ပြည်သူတွေ သိရှိလိုသမျှ မေးမြန်းချက်တွေကို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

---

*စာမျက်နှာ ၈ မှ*

## ကျေးဇူးဆပ်မကုန်

ဗိုလ်ချုပ်သည် လွတ်လပ်ရေးအတွက် တစ်မျိုးသားလုံးကို စည်းလုံးနိုင်ခဲ့သည်သာမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတွင်လည်း ပင်လုံသွေးစည်းညီညွတ်ရေးအထိ တံခွန်ထူနိုင်ခဲ့သည်။ နယ်ချဲ့သည် ဗိုလ်ချုပ်၏ စည်းရုံးရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို သဘောပေါက်ခဲ့ရသည်။ ပြင်းစွာချောက်ချားခဲ့ရသည်။ ထိုသို့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် စည်းရုံးလှုပ်ရှား အရေးဆိုခဲ့သောကြောင့် ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် ပြည်သူတို့ လုံးဝ လွတ်လပ်ရေး အကျိုးကျေးဇူးကို ခံစားကြရသည်။ သို့သော် ဗိုလ်ချုပ်ကား သူ့ဘဝ၊ သူ့အသက်နှင့် ရင်းနှီးပေးဆပ်ခဲ့သော လွတ်လပ်ရေးကို မြင်မသွားရရှာပေ။ ဗိုလ်ချုပ်၏ ကျေးဇူးကား ဆပ်၍မကုန်အောင် ကြီးမားလှပါပေသည်။

ကျွန်ုပ်တို့သည် ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန် သတိပေးခဲ့သည့်အတိုင်း လိုက်နာဆောင်ရွက်ပြီး ဗိုလ်ချုပ်၏ ကျေးဇူးဆပ်ကြသည်၊ မဆပ်ကြသည်ကို မေးခွန်းထုတ်ကြည့်ရမည် ဖြစ်သည်။ သို့သော် ဗိုလ်ချုပ်ကို ချစ်မြတ်နိုးကြ၊ သတိရကြသော်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်ချက်များ၊ သတိပေးစကားများကို လိုက်နာဆောင်ရွက်ကြခြင်း မရှိကြပါဟု ဆိုရမည်ဖြစ်သည်။ လွတ်လပ်ရေးရပြီးသည်မှစ၍ သူတစ်လူ၊ ငါတစ်မင်း၊ သူ့ဝါဒ၊ ကိုယ့်ဝါဒ၊ သူ့နယ်၊ ကိုယ့်နယ်ဖြင့် လက်နက်စွဲကိုင်၍ တိုက်ခိုက်နေကြသည်မှာ ယနေ့ထက်တိုင်အောင်ဖြစ်ပါသည်။ တိုင်းပြည် မငြိမ်းချမ်းသည့်ရလဒ်များကို အပြစ်မဲ့ တိုင်းရင်းသားပြည်သူများ ခံစားကြရသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခြင်းကို ကြုံတွေ့နေရသည်။

## စည်းလုံးညီညွတ်ရေး

ဗိုလ်ချုပ်အောင်ဆန်းက မျက်ကန်းမျိုးချစ် အစွန်းရောက်နိုင်ငံရေးသမားများ၏ အန္တရာယ်ကို သတိပေးပြောကြားသည်။ စစ်အတွင်းက နယ်ချဲ့ကို လက်နက်ကိုင် တွန်းလှန်ခဲ့သော်လည်း စစ်ပြီးသောအခါ ငြိမ်းချမ်းစွာဖြင့် အသွင်ကူးပြောင်းခြင်းကို ရေးရှုခဲ့သည်။ လွတ်လပ်ရေးမရမီ တိုင်းပြည် အဘက်ဘက်က ချွတ်ခြုံကျနေစဉ်တွင် တော်လှန်ရေးဟုဆိုကာ ကိုယ့်လူမျိုးအချင်းချင်း သတ်ဖြတ်၊ လုယက်၊ မီးရှို့သူပုန်ထလုပ်သူများကို ပြတ်ပြတ်သားသားပြောကြားခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် လွတ်လပ်ရေးအတွက် အရေးကြီးသဖြင့် တောင်ပေါ် မြေပြန့်အားလုံးသို့ မနေမနား သွားရောက်စည်းလုံးခဲ့သည်။ စည်းလုံးညီညွတ်ရေး သမိုင်းမှတ်တိုင်ကို ပင်လုံမြေတွင် အခိုင်အမာစိုက်ထူခဲ့သည်။ နယ်ချဲ့တို့လည်း မတတ်သာတော့ဘဲ လွတ်လပ်ရေးပေးရန် လုပ်ရတော့သည်။

ဗိုလ်ချုပ်သည် တစ်နှစ်အတွင်း လွတ်လပ်ရေးရအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ အနုနည်းဖြင့် လွတ်လပ်ရေးပန်းတိုင်သို့ တက်လှမ်းလာနိုင်သော ဗိုလ်ချုပ်ကို မနာလိုမရှုဆိတ်၊ မလိုလားမနှစ်သက်သော နယ်ချဲ့လက်ပါးစေ မျိုးချစ်မျက်ကန်း နိုင်ငံရေးသမားက အကြမ်းဖက်သမားများကို လက်နက်ပေးစေခိုင်း၍ ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့သည်။ ပန်းတိုင်ရောက်ခါနီးမှ တက်ကျိုးခဲ့ရသည်။ ဗိုလ်ချုပ်တည်ဆောက်ခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလည်း ပြိုပျက်ခဲ့ရသည်။ ဗိုလ်ချုပ်ရှုတ်ချခဲ့သော အကြမ်းဖက်သမားများလည်း ခေါင်းထောင်ထလာခဲ့ကြသည်။ မြန်မာ့နိုင်ငံရေးသမိုင်းတစ်လျှောက် အချင်းချင်းတိုက်ခိုက်သတ်ဖြတ်ကြသည်။ ဗိုလ်ချုပ်ပေးသော သင်ခန်းစာများကိုမယူခဲ့ကြချေ။

## တိုင်းပြည်ပျက်စီးလျှင်

**မျက်မှောက်ကာလတွင်လည်း လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်က ဗိုလ်ချုပ်အောင်ဆန်း သတိပေးခဲ့သည့် အခြေအနေအတိုင်း ဖြစ်နေပြီဟု ဆိုရမည်။ မျက်ကန်းနိုင်ငံရေးသမား၊ အစွန်းရောက် နိုင်ငံရေးသမားများ၏ မမှန်မကန် ဆောင်ရွက်မှုများကြောင့် တိုင်းပြည် ဖရိုဖရဲဖြစ်လာခဲ့သည်။ တိုင်းရင်းသားပြည်သူအချင်းချင်း စည်းလုံးညီညွတ်မှု ပြိုကွဲလာခဲ့သည်။ အချင်းချင်း ရန်လိုမုန်းထား ပိုများလာခဲ့သည်။ ပါတီစွဲ၊ ဝါဒစွဲများ ကြီးမားလာကြသည်။ ပြည်သူများအား နိုင်ငံရေးမှိုင်းတိုက်ပြီး တိုင်းပြည်ပျက်စီးရေးလမ်းကြောင်းကို တွန်းပို့ပေးကြသည်။ နိုင်ငံရေးသမား၊ အစွန်းရောက်သမား၊ အခွင့်ရေးသမား၊ အချောင်သမား၊ တောကြောင်များ ခေါင်းထောင်လာခဲ့သည်။ အမျိုးသားရင်ကြားစေ့ရေး ကြွေးကြော်လာခဲ့သူများကြောင့်ပင် အမျိုးသားရင်ကြား ဖြန်းဖြန်းကွဲလာခဲ့သည်။ တိုင်းပြည်ပျက်စီးသွားလျှင် ကိုယ်စီ အခွင့်အရေးများရလာမည်ဟု အထင်အမြင်လွဲမှားအောင် ပြုလုပ်ထားကြသည်။**

**တိုင်းပြည်ပြိုကွဲပျက်စီးသွားလျှင် အခွင့်အရေးများ ရနိုင်မည်လား၊ ဒုက္ခဆင်းရဲများ ရောက်မည်လားကို သာမန်ကလေးငယ်များပင် အဖြေပေးနိုင်ပါသည်။ အကြမ်းဖက်တော်လှန်ရေးလမ်းစဉ်သည် မည်သည့်အခါမျှ အောင်မြင်မှုရရှိလိမ့်မဟုတ်ပေ။ ပြိုကွဲပျက်စီးခြင်းဖြင့်သာ အဆုံးသတ်သွားနိုင်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း လမ်းညွှန်သကဲ့သို့ မတိုးတက်သော စနစ်ဟောင်းကို တိုးတက်သော စနစ်သစ်သို့ ပြောင်းလဲသည့် တော်လှန်ရေးကိုသာလျှင် ရေးရှုလုပ်ကိုင်ကြခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ ယခုအခါ မဆင်နွှဲသင့်သော တော်လှန်ရေးကို ဆင်နွှဲခဲ့ကြသည်။ ထိုတော်လှန်ရေးသည် နောက်ဆုံးတစ်နေ့တွင် နိုင်မလား၊ ရှုံးမလား အဆုံးသတ်တစ်ခုခုဖြင့် အဖြေထွက်ပေါ်လာပါလိမ့်မည်။ တိုင်းပြည် ပျက်စီးရေးဆိုလျှင် လက်မနှေး၊ တိုင်းပြည် တည်ဆောက်ရေးဆိုလျှင် ရှောင်ဖယ်ပြေး၊ ကန့်လန့်တိုက်သည့် အကျင့်ဆိုးများကို ဖျောက်ဖျက်ပစ်ရမည်။**

တော်လှန်ရေးဆိုသည်မှာ လက်ရှိစနစ်ဟောင်းကို တော်လှန်ပြီး စနစ်သစ်ပေါ်ပေါက်လာသည်ကို ဆိုလိုသည့် အာဇာနည်ခေါင်းဆောင်ကြီး၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပေးခဲ့သည့် သမိုင်းသင်ခန်းစာနှင့်အညီ တိုင်းပြည်ဆိုးညစ်ခဲ့သည့် စနစ်ဟောင်းကိုဖယ်ရှား၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်သို့ တက်လှမ်းရမည်ဖြစ်ပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငါးလပြည့်မြောက်တဲ့ခရီး

ကနောင်

*(ယမန်နေ့မှအဆက်)*

**မဲစာရင်းမြေပြင်စစ်ဆေးချက်တွေက သက်သေပြခဲ့ပြီ**

ဇွန်လ ၁ ရက်က မန္တလေးတိုင်းဒေသကြီး (ပြည်ထောင်စုနယ်မြေမပါ) မြို့နယ် ၂၈ မြို့နယ်က မဲစာရင်းရလဒ်တွေကို ရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်ခဲ့ပါတယ်။ တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ NLD ပါတီတို့က သူတို့ပါတီတစ်ခုသာ ရွေးကောက်ပွဲအနိုင်ရစေဖို့ နိုင်ငံတော်အာဏာကို ရယူနိုင်ဖို့ ဥပဒေတွေကို ကျော်လွန်ဖောက်ဖျက်ကာ ကြိုတင်ကြံစည်ခဲ့တယ်ဆိုတာကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဇွန်လအတွင်း ရွေးကောက်ပွဲကော်မရှင်ကနေ ရှမ်းပြည်နယ် ကွန်ဟိန်း၊ မိုင်းရှူး၊ မောက်မယ်၊ မိုင်းပန်၊ နမ္မတူ၊ နမ့်ဆန်နှင့် မန်တုံမြို့နယ်၊ ကချင်ပြည်နယ် ဝိုင်းမော်နှင့် မိုးမောက်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် အပါအဝင် မြို့နယ် ၂၈ မြို့နယ်၊ ချင်းပြည်နယ်ရှိ မြို့နယ် ၉ မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးရှိ မြို့နယ် ၁၀ မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၊ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် ၄၉ မြို့နယ်တို့ရဲ့ မဲစာရင်းများနဲ့ မဲပေးမှုအခြေအနေများကို ပွင့်လင်းမြင်သာစွာ ထုတ်ပြန်နိုင်ခဲ့ပြီး မဲမသမာမှုများ၊ ကြိုတင်ကြံစည်ဆောင်ရွက်ထားမှုများ၊ ကော်မရှင်ရဲ့ လုပ်ပိုင်ခွင့်ကို အလွဲသုံးဆောင်ရွက်မှုတွေကို ဖော်ထုတ်တွေ့ရှိခဲ့ပါတယ်။

**စီးပွားရေးရာတိုးတက်ဆောင်ရွက်နိုင်မှု**

ကုမ္ပဏီဝန်ထမ်းတွေ အခွန်ပေးသွင်းရာမှာ အီလက်ထရွန်နစ်ငွေပေးချေမှုစနစ် မိုဘိုင်းလ်ငွေပေးချေမှု၊ MPU ကတ်နဲ့ အွန်လိုင်းကတစ်ဆင့် ပေးချေမှုကို ယခုလမှာ စတင်ဆောင်ရွက်နိုင်ပြီဖြစ်သလို ငွေပေးသွင်းမှုအထောက်အထားအဖြစ် သက်ဆိုင်ရာဘဏ်က ငွေသွင်းပြီးကြောင်းကို အခွန်ရုံးငွေစာရင်းက လက်ခံရရှိတာနဲ့ အခွန်ပေးသွင်းပြီးကြောင်း e-payment နဲ့ အထောက်အထားပေးပို့သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ် အစရှိတဲ့ စက်မှုလုပ်ငန်းများ ထွန်းကားရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာရှိတဲ့ မီးခံအုတ်စက်ရုံ၊ သစ်အချောထည်စက်ရုံ၊ အထည်ချုပ်စက်ရုံ စတဲ့နေရာတွေမှာ စီးပွားရေးထုတ်ကုန်များ အရည်အသွေးပြည့်မီစွာနဲ့ ထုတ်လုပ်နိုင်ဖို့အတွက်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေဖို့ တွေ့ဆုံဆွေးနွေးခြင်းများကိုလည်းကောင်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ဇွန်လအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြပါတယ်။ ဒါ့အပြင် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေဖို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌတွေ၊ စက်ရုံလုပ်ငန်းရှင်တွေ၊ ကုန်ကြမ်းဝယ်ယူရရှိရေး လက်လီလက်ကားအရောင်းဆိုင်လုပ်ငန်းရှင်တွေနဲ့ ဌာနဆိုင်ရာတာဝန်ရှိသူတွေ ညှိနှိုင်းအဖြေရှာမှုကို ဇွန်လ ပထမပတ်အတွင်း ပြုလုပ်နိုင်ခဲ့ပါတယ်။

ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ငွေကျပ်သန်း ခြောက်ထောင်ကျော် ရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခုကိုလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ခွင့်ပြုပေးခဲ့တာကို ဇွန်လ ၉ ရက်က သိရှိရပါတယ်။

**စိုက်မွေးတောင်သူများအတွက်ဖြည့်ဆည်း**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းမှာ ဇွန်လ ပထမပတ်အတွင်း တောင်သူ ၈၆ ဦး ပိုင်ဆိုင်တဲ့ လယ်မြေဧက ၁၀၅ ဧကအတွက် ရေသွင်းမြောင်း၊ ရေနုတ်မြောင်း၊ ကုန်ထုတ်လမ်းစတာတွေပါဝင်တဲ့ စနစ်တကျ စက်မှုလယ်ယာစနစ်လယ်ယာမြေ ဖော်ထုတ်ရေးလုပ်ငန်းတွေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်ပေးနိုင်ခဲ့တာကို ဝမ်းမြောက်ဖွယ် မြင်တွေ့ရပါတယ်။



ဇွန်လ ၁ ရက် အခြေခံပညာကျောင်းများ ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်အေးချမ်းစွာ ကျောင်းတက်ကြစဉ်။

**ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ် အစရှိတဲ့ စက်မှုလုပ်ငန်းများ ထွန်းကားရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာရှိတဲ့ မီးခံအုတ်စက်ရုံ၊ သစ်အချောထည်စက်ရုံ၊ အထည်ချုပ်စက်ရုံ စတဲ့နေရာတွေမှာ စီးပွားရေးထုတ်ကုန်များ အရည် အသွေးပြည့်မီစွာနဲ့ ထုတ်လုပ်နိုင်ဖို့အတွက် လည်းကောင်း၊ ပြည်နယ် နှင့် တိုင်းဒေသကြီးများအတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေဖို့ တွေ့ဆုံဆွေးနွေး**

ပြည်သူများ စားနပ်ရိက္ခာ ဖူလုံရေး၊ ရေချိုငါးသယံဇာတ ပေါကြွယ်ဝရေးရည်ရွယ်ပြီး ယခုနှစ်မိုးရာသီအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငါးသားပေါက်ကောင်ရေ ၁၀၁၂ ဒသမ ၀၇၅ သိန်း ငါးမျိုး စိုက်ထည့်သွားမှာဖြစ်ပြီး သဘာဝရေပြင်၊ မြစ်၊ ချောင်း၊ အင်းအိုင်တွေမှာ ငါးမျိုးစိုက်ထည့်ခြင်းတွေကို အမြို့မြို့အနယ်နယ်မှာ ဆောင်ရွက်လျက်ရှိပါတယ်။ ဒေသပို့ကုန်များ ရေရှည် ဈေးကွက်ရရှိဖို့နဲ့ တိုးမြှင့်တင်ပို့နိုင်ဖို့ ကုန်သွယ်ဖက်နိုင်ငံတွေနဲ့ G to G ညှိနှိုင်းမှုတွေအတွက် Action Plan တွေကိုလည်း နိုင်ငံတကာမှာခန့်အပ်ထားတဲ့ စီးပွားရေးသံမှူးတွေနဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့တာကို ဇွန်လ ၁၁ ရက်က တွေ့ရှိရပါတယ်။

ထို့အတူ စိုက်ပျိုးမွေးမြူရေးကဏ္ဍ မြင့်မားစေဖို့အတွက် ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ စိုက်ပျိုးရေးထွက်ကုန်များအပေါ် သုတေသနများ လုပ်ငန်းတိုးမြှင့်လုပ်ဆောင်မှုတွေအပြင် မြစ်ရေတင်လုပ်ငန်းများကြပ်မတ်ဆောင်ရွက်တာ၊ ရေထုတ်လမ်း၊ ကုန်ထုတ်လမ်းအဆင့်မြှင့်တာတွေကိုလည်း ယခုလအတွင်း သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ရေစီးရေလာကောင်းမွန်ရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေတာကို ဇွန်လအတွင်း မြင်တွေ့ရမှာဖြစ်ပါတယ်။

**ကျန်းမာရေးအလှမ်းမဝေးစေရ**

အနယ်နယ်အရပ်ရပ်မှာရှိတဲ့ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနဲ့အများပြည်သူများကို ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ၊ ကွာရန်တင်းစင်တာများ၊ စောင့်ကြည့်ကုသရေးစင်တာများ စတာတွေအပြင် Stay at Home မြို့နယ်သတ်မှတ်ခြင်းများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝင်ရောက်သွားလာမှုကန့်သတ်ခြင်းများ၊ ကိုဗစ် – ၁၉ ရောဂါ ထိန်းချုပ်ရေးနဲ့ အရေးပေါ်တုံ့ပြန်ရေးကော်မတီများ အဆင့်ဆင့်က ပြည်နယ်နဲ့ တိုင်းဒေသကြီးအလိုက် အစီအမံများကို ဇွန်လအတွင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ မြို့နယ်အသီးသီးက ကျန်းမာရေးဌာနများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနဲ့ လိုအပ်တဲ့ဒေသများကို တပ်မတော်ကျန်းမာရေးအဖွဲ့များက သွားရောက်ကုသမှုတွေကိုလည်း ပြုလုပ်ခဲ့ရာ မှာ ဖေဖော်ဝါရီလကနေ ဇွန်လ ၂၇ ရက်အထိ ပြင်ပလူနာ နှစ်သိန်းခွဲနဲ့ အတွင်းလူနာ ခုနစ်သောင်းခွဲတို့ကို ကုသပေးနိုင်ခဲ့ပါတယ်။

**ပညာရေးကဏ္ဍမြှင့်တင်**

ယခုနှစ် ပညာသင်နှစ်အတွက် ဇွန်လ ၁ ရက်မှာ အခြေခံပညာကျောင်းတွေကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်တွေနဲ့အညီ စတင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ကလေးတွေ ကျောင်းမတက်ကြဖို့ အဖျက်သမားတွေရဲ့ အကြံအစည်အမျိုးမျိုးကို ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ဆရာ ဆရာမများရဲ့ အားထုတ်ကြိုးပမ်းမှုတွေနဲ့ ကျော်လွှားနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အခြေခံပညာကျောင်းတွေမှာ ကျောင်းသား ကျောင်းသူတွေ အေးချမ်းစွာ ပညာသင်ကြားလျက် ရှိနေပြီဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအတွက် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန်ရက်ကိုလည်း ဇွန်လ ၃၀ ရက်အထိ တိုးမြှင့်ဆောင်ရွက်ပေးခဲ့တာကို မြင်တွေ့ရပါတယ်။

တိုင်းရင်းသားစာပေသင်ကြားပေးတဲ့ Teaching Assistant တွေနဲ့ Language Teacher တွေ ခန့်အပ်နိုင်ဖို့အတွက် ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးက လျှောက်လွှာတွေကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက လက်ခံရရှိနေပြီဖြစ်တဲ့အတွက် လုပ်ထုံးလုပ်နည်းများနဲ့အညီ ပညာရေးဝန်ကြီးဌာနကို ပေးပို့သွားဖို့ ပြင်ဆင်လျက်ရှိတာကို ဇွန်လ ၂၁ ရက်က ဝမ်းမြောက်ဖွယ်သိရှိရပါတယ်။

**လူမှုဘဝများလုံခြုံရေးနှင့် တိုးတက်မြင့်မားစေရေးဖော်ဆောင်**

၂၀၂၁ ခုနှစ်အတွက် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လအတွင်း တစ်နိုင်ငံလုံးမှာ စတင်နိုင်ခဲ့ပါတယ်။ ယခုနှစ်မှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပျိုးပင်ပေါင်း ၃၆ သန်းကျော် စိုက်ပျိုးမှာဖြစ်တယ်လို့ ဇွန်လ ၁၈ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*
ကိုယ်တိုင်တက်ရောက်ခဲ့တဲ့ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကနေ သိရပါတယ်။

(၇၃) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့ အာဇာနည်အရှင်မြတ်တို့အား ဘွဲ့တံဆိပ်တော်နဲ့ အောင်လက်မှတ် ဆက်ကပ်ချီးကျူးပူဇော်ပွဲကို ဇွန်လ ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးမှာ ကျင်းပခဲ့ရာမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များကို ဆက်ကပ်ပူဇော်ခဲ့ပါတယ်။

လက်ရှိ ပြည်တွင်းအကြမ်းဖက်နေမှုတွေကို တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနဲ့အညီ အရှိန်အဟုန်နဲ့ တိုက်ဖျက်သွားနိုင်ဖို့ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့အစည်းအဝေးကို ဇွန်လ ၂၃ ရက်က နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ မူဝါဒဖြစ်တဲ့လူ့အဖွဲ့အစည်းအတွင်းမှာ ကွဲပြားစေမယ့် အခြေခံအကြောင်းအရာတွေကို စနစ်တကျ စိစစ်ဖော်ထုတ်ကာကွယ်တားဆီးနိုင်ဖို့၊ အစွန်းရောက်မှုတွေနဲ့ အကြမ်းဖက်မှုတွေကို ထိရောက်စွာတိုက်ဖျက်နိုင်ဖို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်တဲ့ ဗဟိုအဖွဲ့ဝင်တွေက ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

ကိုဗစ် – ၁၉ ကြောင့် နှောင့်နှေးနေရတဲ့ မြန်မာ့စီးပွားရေးပြန်လည်မြှင့်တင်ရန် ရည်ရွယ်ချက်နဲ့ ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေတစ်ရပ်ကိုလည်း ဇွန်လ ၁၇ ရက်က ပြဋ္ဌာန်းခဲ့ပါတယ်။ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတဲ့ဆေးဝါးတွေထုတ်လုပ်ရာမှာ အသုံးပြုတဲ့ ထိန်းချုပ်ဓာတုပစ္စည်းတွေအဖြစ် ၁၉၈၈ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတဲ့ဆေးဝါးများတရားမဝင် သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်သည့် ကမ္ဘာ့ကုလသမဂ္ဂကွန်ဗင်းရှင်းရဲ့ ထိန်းချုပ်ဓာတုပစ္စည်းတွေကိုလည်း လိုက်နာဆောင်ရွက်ခဲ့တာကို ဇွန်လဆန်း သတင်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ဖြစ်တဲ့ ဇွန်လ ၂၆ ရက်က ဖမ်းဆီးရမိတဲ့မူးယစ်ဆေးဝါးတွေကို ရန်ကုန်၊ မန္တလေးနဲ့ တောင်ကြီးမြို့တို့မှာ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားတွေ ကျင်းပခဲ့ပါတယ်။ ဒါ့အပြင် အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးအတွက် ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီရဲ့ ၁/၂၀၂၂ အစည်းအဝေး ကျင်းပခဲ့ပြီး လုပ်ငန်းစဉ်တွေ ပိုမိုတိုးချဲ့နိုင်စေဖို့ ကြိုးပမ်းခဲ့တာကိုလည်း ဇွန်လ ၉ ရက်က မြင်တွေ့ရပါတယ်။ အကျဉ်းသားတစ်ဦးရဲ့ ရရှိရမယ့်အခွင့်အရေးတွေ အပြည့်အဝရရှိစေဖို့အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကြိုးပမ်းလျက်ရှိရာမှာ အကျဉ်းထောင်များ၊ ရဲစခန်းများနဲ့ အချုပ်ခန်းများအထိ သွားရောက်ကာ အခွင့်အရေး ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ပေးနေတာကိုလည်း ဇွန်လ ၉ ရက်က မြင်တွေ့ခဲ့ရပါတယ်။

နေပြည်တော်မြို့မဈေးအနီး သုခတော်ဝင်အိမ်ရာ ဒုတိယအဆင့်ဆောက်လုပ်ပြီး တဲ့တိုက်များက ငွေသွင်းပြီးတဲ့ မြေညီထပ်နဲ့ ပထမထပ်ရှိ အခန်း ၇၅ ခန်းကို မဲနှိုက်နေရာ ချထားပေးတာတွေကို ဇွန်လဆန်းကဆောင်ရွက်ပေးခဲ့တဲ့အပြင် ရခိုင်ပြည်နယ်တိုက်ပွဲရှောင်ပြည်သူတွေအတွက် နေအိမ်တွေကိုလည်း မြောက်ဦးနဲ့ မင်းပြားမြို့နယ်တွေမှာ ဇွန်လအတွင်း တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ ထို့အတူ ရန်ကုန်မြို့ မြနန္ဒာနိုင်ငံ့ဝန်ထမ်းအိမ်ရာနေထိုင်ခွင့်ကို ဇူလိုင်လ ၁ ရက်မှာ စတင်ခွင့်ပြုမှာဖြစ်တဲ့အတွက် ယခုလအတွင်း လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးလျက်ရှိတာကို သိရပါတယ်။


ရန်ကုန်မြို့တွင် ဇွန်လ ၂၆ ရက်က ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများအား မီးရှို့ဖျက်ဆီးစဉ်။

၂၀၂၂ ခုနှစ်မှာ လယ်ယာသန်းခေါင်စာရင်းကို နည်းပညာအကူအညီအသုံးပြုကောက်ယူနိုင်ဖို့ အလုပ်ရုံဆွေးနွေးပွဲတွေ ကျင်းပလျက်ရှိပါတယ်။ ငါးသယံဇာတရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်လယ်ပြင်ငါးမဖမ်းရ ရာသီသစ်ကို မေလကနေ ဩဂုတ်လအထိ လေးလတာသတ်မှတ်နိုင်ခြင်းကို ဇွန်လအတွင်း ပြုလုပ်ခဲ့ပါတယ်။ လျှပ်စစ်နဲ့ စွမ်းအင်ကဏ္ဍ ပိုမိုမြင့်မားဖို့အတွက် နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံများ တည်ဆောက်တာ၊ ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်တာတွေကိုလည်း ယခုလအတွင်း ပြည်ထောင်စုဝန်ကြီးက သွားရောက်စစ်ဆေးခဲ့ပြီး လျှပ်စစ်ဓာတ်အားအမြန်ဆုံးအသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းနေတာကို မြင်တွေ့ရပါတယ်။

ပြည်ထောင်စုတရားသူကြီးချုပ်ဦးဆောင်တဲ့ အထူးအယူခံခုံရုံးကရာဇဝတ်အထူး အယူခံမှု ငါးမှုနဲ့ တရားမအထူးအယူခံမှု ခြောက်မှုတို့ကို စီရင်ချက်ချမှတ်ခြင်းနှင့် ရုံးထိုင်ကြားနာခြင်းများ ပြုလုပ်ခဲ့တာကို ဇွန်လ ၁၄ ရက်က တွေ့ရှိရပါတယ်။ အနုပညာရှင် ၂၄ ဦးကိုလည်း ပုဒ်မ ၅၀၅–ကနဲ့ အမှုဖွင့်ထားခြင်းကို ရုပ်သိမ်းပေးလိုက်ကြောင်း သတင်းထုတ်ပြန်ချက်တစ်စောင်ကို ဇွန်လ ၂၉ ရက်က ထုတ်ပြန်ခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ငါးလတာကာလမှာ အသက်ဝင်လာခဲ့တဲ့ လူငယ်များ ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားပြိုင်ပွဲတွေ ကျင်းပဖို့ကြိုးစားမှုက အရာထင်လာခဲ့ပြီ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် အသက် ၂၁ အောက် ဘောလုံးပြိုင်ပွဲကို ဇွန်လ ၂၄ ရက်က ကျင်းပနိုင်ခဲ့ပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ အားကစားကွင်းများမှာလည်း အားကစားလေ့ကျင့်ရေးလုပ်ငန်းတွေ စတင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ပန်းခင်းစီမံချက်နဲ့ အိမ်ထောင်စုလူဦးရေစာရင်းနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်တာတွေကို ဇွန်လအတွင်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေတာကိုလည်း မြို့နယ်များမှာ မြင်တွေ့ရပါတယ်။ ထို့အတူ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှု(ကမ်ပိန်း)တွေကိုလည်း ယခုလအတွင်း အနယ်နယ်အရပ်ရပ်မှာ ကျင်းပလျက်ရှိပါတယ်။

### ပြည်သူ့လက်ဝယ်သို့ သတင်းမှန်ရောက်ရှိရေး

ဇွန်လအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ထံသို့ မီဒီယာများက ဆက်သွယ်မေးမြန်းထားမှုတွေအပေါ် ပြန်လည်ဖြေကြားခြင်းကိုလည်း စဉ်ဆက်မပြတ် ပြုလုပ်ပေးနေပြီး သတင်းမှန်များ ပြည်သူများလက်ဝယ်ရရှိအောင် ကြိုးပမ်းပေးလျက်ရှိပါတယ်။ သတင်းထုတ်ပြန်ရေးအဖွဲ့အနေနဲ့ ကျောင်းဆရာ ဆရာမများ၏ ဂုဏ်ကျေးဇူးအား အသိအမှတ်ပြုသောအားဖြင့် ကြေညာချက်တစ်စောင်ကို ဇွန်လ ၁၁ ရက်က ထုတ်ပြန်ခဲ့ပြီး စာသင်ကျောင်းများကို အခက်အခဲများအကြားမှ ဖွင့်လှစ်ပေးခဲ့ကြတဲ့ ဆရာ ဆရာမများကို ချီးကျူးဂုဏ်ပြုခဲ့ပါတယ်။

သတင်းထုတ်ပြန်ရေးအဖွဲ့ရဲ့ (၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇွန်လ ၁၂ ရက်က ကျင်းပခဲ့ပါတယ်။ နိုင်ငံတော်ရဲ့အခြေအနေ အရပ်ရပ်၊ အကြမ်းဖက်လုပ်ရပ်ဆောင်ရွက်သူတွေ ဖမ်းဆီးရမိခဲ့တဲ့ အခြေအနေတွေနဲ့ ထွက်ဆိုချက်တွေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ဆောင်ရွက်ချက်တွေကို မီဒီယာများထံ ရှင်းလင်းပြောကြားခဲ့ပြီး သတင်းမီဒီယာများရဲ့ မေးမြန်းချက်တွေကို ပြန်လည်ဖြေကြားခဲ့ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ သတင်းမမှန်ထုတ်လွှင့်တဲ့ မီဒီယာတွေကို သတိပေးမှုတွေ ပြုလုပ်ခဲ့တဲ့အပြင် တစ်ဖက်မှာ ဂျာနယ်ထုတ်ဝေလိုသူ ငါးဦး၊ အထွေထွေထုတ်ဝေသူ ၂၂ ဦးနဲ့ သတင်းအေဂျင်စီလုပ်ငန်း နှစ်ခုကို ယခုလ ၈ ရက်က ခွင့်ပြုပေးခဲ့ပါတယ်။ စာပေပညာရှင်ကြီးတွေကို အမျိုးသားစာပေတစ်သက်တာဆုနဲ့ အမျိုးသားစာပေဆုတွေ၊ စာပေဗိမာန်စာမူဆုတွေကို နှစ်စဉ်ချီးမြှင့်လျက်ရှိရာ ချီးမြှင့်ငွေများကို တိုးမြှင့်ချီးမြှင့်သွားမှာ ဖြစ်ကြောင်းကို ဇွန်လ ၁၆ ရက်က သတင်းထုတ်ပြန်ခဲ့ပါတယ်။

### လမ်းပန်းဆက်သွယ်ရေး

ဇွန်လအတွင်း အများပြည်သူများ လေကြောင်းခရီးလွယ်ကူစေရေးအတွက် ခရီးစဉ်အသစ်များဖြစ်တဲ့ မန္တလေး – မကွေး – စစ်တွေ ခရီးစဉ်ကို ဇွန်လ ၁၄ ရက်နဲ့ ၂၄ ရက်တို့မှာ စတင်တိုးချဲ့ပြေးဆွဲပေးခဲ့ပါတယ်။ အနယ်နယ်အရပ်ရပ်မှာ ခရီးသည်တင်အဝေးပြေးနဲ့ မြို့တွင်းခရီးသည်တင်ယာဉ်တွေ စည်းကမ်းတကျ ပြေးဆွဲနိုင်ဖို့ ကြိုးပမ်းနိုင်ခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း စည်းကမ်းတကျ ပြေးဆွဲနိုင်ဖို့ ကြိုးပမ်းခဲ့တာကိုလည်း ဇွန်လ ၁၂ ရက်က တွေ့ရှိရပါတယ်။ မန္တလေး – ပုဂံ လမ်းပိုင်းနဲ့ သာစည် – မြင်းခြံလမ်းပိုင်း လူစီးရထားကိုလည်း ဇွန်လ ၁၅ ရက်မှစတင်၍ ပြန်လည်ပြေးဆွဲပေးခဲ့ပါတယ်။

နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဦးဆောင်တာဝန်ယူခဲ့တာ ဖေဖော်ဝါရီလ ၁ ရက်က စတင်ခဲ့တဲ့အတွက် ပြီးခဲ့တဲ့ ဇွန်လက ငါးလတာ ပြည့်မြောက်တဲ့ကာလဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ နိုင်ငံနဲ့ပြည်သူအတွက် ဆောင်ရွက်ချက်တွေကို ပြန်လည်တင်ပြရာမှာ များပြားလွန်းလှတဲ့အတွက် အချို့လုပ်ငန်းရပ်တွေကိုသာ ကောက်နုတ်တင်ပြနိုင်ခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံ့အကျိုးပြု ဆောင်ရွက်ချက်တွေ များစွာကျန်ရှိနေသေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ရှေ့လုပ်ငန်းစဉ်တွေနဲ့ ဦးတည်ချက်တွေကို မမှိတ်မသုန် ကြိုးပမ်းဖော်ဆောင်သွားနေဦးမည်ဖြစ်တယ်ဆိုတာကို တင်ပြလိုက်ရပါတယ်။ ။

- **အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်တဲ့ ဇွန်လ ၂၆ ရက်က ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးတွေကို ရန်ကုန်၊ မန္တလေးနဲ့ တောင်ကြီးမြို့တို့မှာ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားတွေ ကျင်းပခဲ့ပါတယ်။ ဒါ့အပြင် အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးအတွက် ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီရဲ့ ၁/၂၀၂၂ အစည်းအဝေးကျင်းပခဲ့ပြီး လုပ်ငန်းစဉ်တွေ ပိုမိုတိုးချဲ့နိုင်စေဖို့ ကြိုးပမ်းခဲ့**

# အကြမ်းဖက်လုပ်ရပ်များနှင့် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် NLD ပါတီမှ လှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း အောင်ကျော်ကျော်ဦးအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၅

အကြမ်းဖက် အဖွဲ့အစည်းများဖြစ်သည့် CRPH ၊ NUG နှင့် PDF အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ နည်းလမ်းမျိုးစုံ အသုံးပြုကာ အဖျက်အမှောင့်လုပ်ငန်းများနှင့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လျက်ရှိသည်။

CRPH နှင့် NUG အဖွဲ့တို့၏ စေခိုင်းမှုဖြင့် ဆူပူအကြမ်းဖက်လုပ်ဆောင်နေသူများနှင့် NLD ပါတီဝင်များ၊ ၎င်းပါတီအား ထောက်ခံ အားပေးသူများသည် အချို့မြို့ကြီးများ၌ အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် အပြစ်မဲ့ပြည်သူများအား ဒလန်ဟု စွပ်စွဲသတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများအပါအဝင် အစိုးရပိုင် အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း စသည့်ဖောက်ခွဲရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းလက်ဦးမှုရယူပြီး ဖော်ထုတ် ဖမ်းဆီးနိုင်ရေး လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

လှိုင်မြို့နယ် NLD လွှတ်တော်ကိုယ်စားလှယ်ဟောင်း အောင်ကျော်ကျော်ဦး ခေါင်းဆောင်သည့် လှိုင်မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်ရှိ အကြမ်းဖက်အုပ်စုများအား လက်နက်၊ ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု Diagram




ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၀ ရက် နံနက်တွင် မင်္ဂလာဒုံမြို့နယ် သင်္ဃန်းကျွန်းကြီးကျေးရွာအုပ်စု အိုးအိမ်မှတ်တိုင်အနီး၌ လှိုင်မြို့နယ် NLD ပါတီ လူငယ်အဖွဲ့ဝင်နှင့် လှိုင်မြို့နယ် PDF အဖွဲ့ဝင် ထက်အောင်မင်း (၃၉ နှစ်) (ဘ) ဦးဘစိန် လှိုင်မြို့နယ် ၁၆ ရပ်ကွက် မာလာမြိုင်(၄)လမ်း အမှတ် (၅၃) နေသူအား ဖမ်းဆီးရမိခဲ့သည်။

တရားခံ ထက်အောင်မင်း၏ ထွက်ဆိုချက်အရ NLD ပါတီ၏ လှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း အောင်ကျော်ကျော်ဦးမှ ပစ္စတိုကျည်အိမ်နှင့် ကျည်ဆန်များဝယ်ယူရန် စေခိုင်းခဲ့ကြောင်း ဖော်ထုတ်ရရှိသဖြင့် ကွင်းဆက်တရားခံအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ယင်းနေ့ မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၆)ရပ်ကွက် သဇင်မြိုင်လမ်း အိမ်အမှတ်(၇၉၆)၌ အောင်ကျော်ကျော်ဦး (၄၆ နှစ်) (ဘ)ဦးထွန်းရွှေနှင့် ၎င်း၏ဇနီး ခင်မိုးမြင့်လှိုင် (၃၈နှစ်) (ဘ)ဦးစန်းလှိုင်တို့အား Retay X Treme ၉ မမ ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ကျည် ၂၅ တောင့်၊ မောင်ဝင်းကျော် အမည်ဖြင့် ပြုလုပ်ထားသော မှတ်ပုံတင်အတုတစ်ခု အပါအဝင် လက်နက်ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံအောင်ကျော်ကျော်ဦးနှင့် ထက်အောင်မင်းတို့၏ ထွက်ဆိုချက်အရ ယင်းနေ့ မွန်းလွဲပိုင်းတွင် ဒါရိုက်တာ ဇာကြီး(ခ) ဉာဏတင်ဦး ပိုင်ဆိုင်သည့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၃)ရပ်ကွက် ပင်လုံလမ်း ရွှေကြာယံ အိမ်ရာရှိ Pinlel Film Production Studio အား သွားရောက် စစ်ဆေးရှာဖွေခဲ့ရာ Studio မန်နေဂျာ စိုးအုပ်ပိုင်(ခ)ဆံရှည် (၄၀နှစ်)(ဘ)ဦးမြတ်သူ၊ ဖြိုးအောင်ကျော် (၃၁နှစ်) (ဘ)ဦးတောက်ထိန်၊ အောင်ပိုင်ဖြိုး (၂၅နှစ်) (ဘ)ဦးဆန်းထွန်း၊ စည်သူကျော် (၂၆နှစ်) (ဘ) ဦးကျော်မိုးခိုင်၊ လင်းထက်အောင် (၂၁ နှစ်) (ဘ) ဦးမောင်မောင်စိန်တို့အား ပွိုင့်-၂၂ သေနတ်တစ်လက်၊ နှစ်လုံးပြူး သေနတ်တစ်လက်၊ ခဲသီးဖြင့်ပစ်ရသော သေနတ်တစ်လက် အပါအဝင် လက်နက်၊ ခဲယမ်းဆက်စပ် ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ယင်းနေ့ မွန်းလွဲပိုင်းတွင် ကွင်းဆက်တရားခံဖြစ်သည့် မျိုးကျော်သူ(ခ) ကိုမျိုး (၃၃နှစ်) (ဘ) ဦးချစ်ထွေး၊ မင်္ဂလာဒုံမြို့နယ် (၂/၁)တိုးချဲ့ရပ်ကွက် နီလာလမ်း အမှတ်(၂၇၄)နေသူအား မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအုပ်စု ပြည်လမ်း၊ IT စားသောက်ဆိုင်ရှေ့တွင် ထပ်မံဖမ်းဆီးရမိခဲ့ပြီး မျိုးကျော်သူ(ခ)ကိုမျိုး၏ ထွက်ဆိုချက်အရ မင်္ဂလာဒုံမြို့နယ် နွယ်ခွေကျေးရွာအုပ်စု နွယ်ခွေကျေးရွာ၊ အမှတ်(၃) ဆက်သွယ်လမ်း ခြံအမှတ်(၂၁)ရှိ Princess KTV နှင့် The King Beauty Spa သို့ သွားရောက်စစ်ဆေး ရှာဖွေခဲ့ရာ Princess KTV နှင့် The King Beauty Spa ပိုင်ရှင် ထွန်းသက်ဦး (၅၁နှစ်) (ဘ) ဦးကျော်မြင့်၊ တင်ထွန်းဦး (၃၀နှစ်) (ဘ)ဦးအေးသိန်း၊ အောင်ထက်ပိုင် (၂၅နှစ်) (ဘ)ဦးဝင်းနိုင်၊ ချစ်လင်းနိုင် (၂၄ နှစ်) (ဘ)ဦးစန်းအောင်၊ နေနေအောင် (၂၆ နှစ်) (ဘ) ဦးစစ်မောင်၊ အောင်ကိုဦး (၃၃နှစ်) (ဘ)ဦးလှမိုး တို့အား လက်လုပ်မိုင်း ၁၀ လုံး၊ NLD ပါတီအလံနှစ်ခု၊ လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် အမိုနီယမ်နိုက်ထရိတ် ၂ ဒသမ ၄ ကီလိုဂရမ် အပါအဝင် လက်လုပ်မိုင်းဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံရှာဖွေတွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ Princess KTV နှင့် The King Beauty Spa ၌ လက်လုပ်မိုင်းအပါအဝင် ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် တရားခံများအနက် အောင်ထက်ပိုင်နှင့် ချစ်လင်းနိုင်တို့သည် ဇူလိုင် ၉ ရက်တွင် မင်္ဂလာဒုံမြို့နယ် (၁/က) ရပ်ကွက် ခရေပင်လမ်းရှိ မင်္ဂလာဒုံ လျှပ်စစ်ဓာတ်အားပေးရေးရုံးအား လက်လုပ်မိုင်းနှင့် ပစ်ခတ်ဖောက်ခွဲခဲ့သူများ ဖြစ်ကြောင်း သိရှိရသည်။

တရားခံ ထွန်းသက်ဦး၏ ထွက်ဆိုချက်အရ ၎င်းပိုင်ဆိုင်သည့် မှော်ဘီမြို့နယ် ဘွတ်ကြီး ကျေးရွာအုပ်စု ရဲစုမြောက် ရပ်ကွက် အောင်ရတနာလမ်းရှိ ဂိုဒေါင်သို့ သွားရောက်စစ်ဆေး ရှာဖွေခဲ့ရာ M-16 သေနတ် တစ်လက်၊ Pen Gun ခြောက်လက်၊ Shot Gun အတိုတစ်လက်၊ MG-1 အမျိုးအစား လက်ပစ်ဗုံးသုံးလုံး၊ 94 အမျိုးအစား လက်ပစ်ဗုံးတစ်လုံး၊ ကျည်မျိုးစုံ ၆၉၂ တောင့် အပါအဝင် လက်နက်ခဲယမ်း ဆက်စပ်ပစ္စည်းများအား ထပ်မံ ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

တရားခံ ထက်အောင်မင်း၏ စစ်ကြောထွက်ဆိုချက်အရ ၂၀၂၁ ခုနှစ် ဇူလိုင် ၁၂ ရက် မွန်းလွဲပိုင်းတွင် သာကေတမြို့နယ် အနော်မာ ရပ်ကွက် အနော်မာ(၁၃) လမ်းအနောက် အမှတ်(၅၃၇) (၄)လွှာတွင် နေထိုင်သော ခိုင်ဇာတင်ဦး (ခ) ခိုင်ဇင်ဦး အသက် (၃၆နှစ်) အား ပွိုင့်-45 ပစ္စတိုတစ်လက်၊ ကျည်အိမ်တစ်ခု၊ ပွိုင့် ၃၈၀ ကျည်ဆန် ၅၅ တောင့်၊ ချိန်ကိုက်မိုင်းခြောက်လုံး၊ လက်ပစ်ဗုံး နှစ်လုံး၊ လက်နက်/ ခဲယမ်းနှင့် ဖောက်ခွဲဖျက်ဆီးရေး ပစ္စည်းများ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံအောင်ကျော်ကျော်ဦး ခေါင်းဆောင်၍ဖွဲ့စည်းခဲ့သော လှိုင်မြို့နယ် PDF အဖွဲ့သည် ၂၀၂၁ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း လှိုင်မြို့နယ် အမှတ်(၁၀) ရပ်ကွက် အုပ်ချုပ်ရေးမှူး၏ဆိုင်အား လက်လုပ်မိုင်းဖြင့်ဖောက်ခွဲမှု၊ လှိုင်မြို့နယ် အမှတ်(၁၆) ရပ်ကွက် အုပ်ချုပ်ရေးမှူး နေအိမ်အား လက်လုပ်မိုင်းဖြင့် ပစ်ခတ်ဖောက်ခွဲမှု၊ လှိုင်မြို့နယ် အမှတ်(၁) ရပ်ကွက်ရှိ နေအိမ်တစ်လုံးအား လက်လုပ်မိုင်းဖြင့် ပစ်ခတ်ဖောက်ခွဲမှု၊ လှိုင်မြို့နယ် ဘူတာရုံ

*စာမျက်နှာ ၁၃ သို့*

# မြဝတီမြို့၌ လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ Drone များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၅**

မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ဆောင်သူများနှင့် NLD ပါတီဝင်များ၊ ၎င်းပါတီအား ထောက်ခံအားပေးသူများအနေဖြင့် အချို့မြို့ကြီးများ၌ အစိုးရ၏ အုပ်ချုပ်မှုယန္တရားကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲသတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများအပါအဝင် အစိုးရပိုင်အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်းများနှင့် ဖောက်ခွဲဖျက်ဆီးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုများပြားနေသည့် ယခုကာလအတွင်း၌လည်း ပြည်သူများ ပိုမိုအထိတ်တလန့် ဖြစ်စေရန်အတွက် ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များအား ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ထိုသို့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စုံစမ်းဖော်ထုတ်မှုများ ဆောင်ရွက်ကာ အကြမ်းဖက်သမားများ၏ လက်နက်၊ ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ဖော်ထုတ်သိမ်းဆည်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၆ ရက် မွန်းလွဲပိုင်းတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်၊ ဇော်ဂျီလမ်းသွယ်၊ (၁)လမ်း၌ ဖောက်ခွဲရေး ပြုလုပ်သူများ ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးခဲ့ရာ ကောင်းမြတ် သူ(၃၅)နှစ်၊ ရွှေစိုး(၃၂)နှစ်၊ ရန်လင်းအောင်(၂၄)နှစ်၊ နန္ဒာစိုး (၃၁) နှစ်၊ နှင်းရီရီလွင် (၂၄) နှစ်နှင့် နှင်းနုထား(၃၂)နှစ်တို့ခြောက်ဦးအား GLOCK အမျိုးအစား ၉ မမ ပစ္စတိုတစ်လက်၊ ၎င်းကျည် ၁၉ တောင့်၊ ပွိုင့်-၂၂ ကျည် ၄၂ တောင့်၊ ယမ်းကြိုး အချောင်း ၈၀၊ Drone နှစ်စင်း၊ လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံ ဟိန်းထက်(ခ)ကြုတ်ကြုတ် (၂၈)နှစ်အား ဇွန် ၂၈ ရက်တွင် မြဝတီမြို့၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ကောင်းမြတ်သူအား စစ်ဆေးမေးမြန်းချက်အရ ၎င်းသည် ဗုံးများအား ဖုန်းဖြင့် ချိတ်ဆက်ဖောက်ခွဲရာတွင် အသုံးပြုသည့် Switch ခလုတ်များအား ရန်လင်းအောင်၊ နန္ဒာစိုးတို့နှင့်အတူ စမ်းသပ်တီထွင် ပြုလုပ်နေသူတစ်ဦးဖြစ်ပြီး Switch ခလုတ်များအတွက် လိုအပ်သောပစ္စည်းများအား ဖောက်ခွဲရေးလုပ်ငန်းများအတွက် အားပေးထောက်ခံသူ စောမြဦး(မဲဆောက်)နှင့် ချိတ်ဆက်မှာယူ၍ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။



ဖမ်းဆီးရမိ လက်နက်/ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများ။

ထို့အပြင် ပေါက်ကွဲစေတတ်သော ဗုံးသီးများ သယ်ဆောင်နိုင်သည့် Drone များအား ရန်လင်းအောင်၊ နန္ဒာစိုးတို့နှင့်အတူ စမ်းသပ်တီထွင်မှုများ ပြုလုပ်ခဲ့ပြီး အောင်မြင်မှုမရှိသေးကြောင်းနှင့် လိုအပ်သောပစ္စည်းများအား ထိုင်းနိုင်ငံသို့ ရောက်ရှိနေသော စည်သူဝင်းထံက ချိတ်ဆက်မှာယူ၍ လိုအပ်သော ငွေကြေးများအား ဆွီဒင် နိုင်ငံသို့ ရောက်ရှိနေသော ကိုမျိုးက ထောက်ပံ့ပေးခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရန် လုပ်ဆောင်မည့် တရားခံခုနစ်ဦးအား ပစ္စတိုသေနတ်တစ်လက်၊ ၉ မမကျည် ၁၉ တောင့်၊ ပွိုင့်-၂၂ ကျည် ၄၂ တောင့်၊ ယမ်းကြိုး အချောင်း ၈၀၊ Drone နှစ်စင်း၊ လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းတို့အား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



ဖမ်းဆီးရမိသည့် Drone ၂ စင်း။



ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများ။

*စာမျက်နှာ ၁၂ မှ*

လမ်းထိပ်တွင် ဖောက်ခွဲမှု၊ လှိုင်မြို့နယ်၊ လျှပ်စစ်ရုံးအား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲမှု၊ လှိုင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်ရှိ ပြည်သူတစ်ဦး၏ နေအိမ်အား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲမှု စသည့်အကြမ်းဖက် ဖောက်ခွဲတိုက်ခိုက်မှု ၆ ကြိမ်အား ကျူးလွန်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။ ထို့ပြင် လှိုင်မြို့နယ် အမှတ် (၁၃)ရပ်ကွက်၊ (၁၀) လမ်းထိပ်ရှိ အာရုဏ်ဦးလက်ဖက်ရည်ဆိုင် ပိုင်ရှင်ကိုလည်း ဒလန်အဖြစ် စွပ်စွဲကာ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အလားတူ တရားခံ ထွန်းသက်ဦး ဦးဆောင်ပါဝင်ခဲ့သော မင်္ဂလာဒုံမြို့နယ်၊ PDF အဖွဲ့သည်လည်း ထောက်ကြန့်မြို့ရှိ အမှတ်(၁၂)အခြေခံပညာအလယ်တန်းကျောင်း(အထကခွဲ)အား လက်လုပ်ဗုံးဖြင့် ဖောက်ခွဲမှု၊ ထောက်ကြန့်တိုးချဲ့ရပ်ကွက် အုပ်ချုပ်ရေးမှူး နေအိမ်အား လက်လုပ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲမှု၊ မင်္ဂလာဒုံမြို့နယ်၊ လျှပ်စစ်ရုံးအား လက်လုပ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲမှု စသည့်အကြမ်းဖက်ဖောက်ခွဲ တိုက်ခိုက်မှု ၃ ကြိမ် ကျူးလွန်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။ အဆိုပါဖြစ်စဉ်တစ်ခုလုံးတွင် M-16 သေနတ် တစ်လက်၊ ၉ မမ ပစ္စတို တစ်လက်၊ ပွိုင့် ၂၂ တစ်လက်၊ ပွိုင့် 45 ပစ္စတို တစ်လက်၊ Pen Gun ခြောက်လက်၊ နှစ်လုံးပြူး တစ်လက်၊ Shot Gun တစ်လက်၊ ခဲသီးသေနတ်တစ်လက် စုစုပေါင်း လက်နက် ၁၃ လက်၊ တရားခံ ၁၆ ဦး၊ ခဲယမ်း၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိခဲ့သော NLD ပါတီမှ လှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း အောင်ကျော်ကျော်ဦးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အဖျက်လုပ်ငန်းနှင့် လုပ်ကြံသတ်ဖြတ်ရေး ဦးဆောင်ကော်မတီတစ်ခုဖြစ်သည့် People's Security Committee-PSC တွင် ခေါင်းဆောင်တစ်ဦးအဖြစ်ပါဝင်ပြီး လှိုင်မြို့နယ်အတွင်း ဗုံးဖောက်ခွဲမှုနှင့် သတ်ဖြတ်မှုများကိုလည်းကောင်း၊ မင်္ဂလာဒုံမြို့နယ်အတွင်း ဗုံးဖောက်ခွဲမှုများကိုလည်းကောင်း နောက်ကွယ်မှ အဓိကထောက်ပံ့စေခိုင်းသူဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်မည့် တရားခံများအား ကြိုတင်ဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းတို့အား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။ **သတင်းစဉ်**

# ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်မှ မန္တလေးမြို့သို့ သယ်ဆောင်မည့် ငွေကျပ် ၃၂ ဘီလီယံ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)အလေးချိန် ၁၆၀၀ ကီလိုဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်မှ မန္တလေးမြို့သို့ သယ်ဆောင်မည့် ငွေကျပ် ၃၂ ဘီလီယံ တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) အလေးချိန် ၁၆၀၀ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။




ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇူလိုင် ၁၃ ရက် နံနက် ၁၁ နာရီခွဲတွင် လွိုင်လင်မြို့နယ် လွိုင်လင်-တောင်ကြီးကားလမ်း ဟိုတင့်ကျေးရွာအနီးတွင် လွိုင်လင်မှ တောင်ကြီးသို့ ယာဉ်မောင်း ဆန်းဝင်းအောင် (၄၁)နှစ် မောင်းနှင်ပြီး အောင်မြင့်ထွန်း(၂၉)နှစ် လိုက်ပါလာသည့် ဆီဘောက်ဆာယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ယာဉ်၏ ဆီသိုလှောင်ကန်အတွင်း မူးယစ်ဆေးဝါးများ ထည့်သွင်း သယ်ဆောင်လာကြောင်း မသင်္ကာဖွယ်တွေ့ရှိသဖြင့် ဆီသိုလှောင်ကန်အား ဖွင့်ဖောက်စစ်ဆေးရာ ဒေသကာလတန်ဖိုး ငွေကျပ် ၃၂ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၁၆၀၀ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိသော အိုက်စ် (မက်သ်အဖက်တမင်း) များကို ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်မှ မန္တလေးမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာကွက်၍ မိုးကြီးခဲ့

**နေပြည်တော် ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ နေပြည်တော်တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**မိုး/ဇလ**

# တာလီဘန်စစ်သွေးကြွများက နောက်ထပ် ပြည်နယ်များကို ပိုမိုသိမ်းပိုက်နိုင်ရန် ထိုးစစ်အရှိန်မြှင့်

ကာဘူးလ် ဇူလိုင် ၁၅

**အမေရိကန်တပ်ဖွဲ့များ အာဖဂန်နစ္စတန်မှ အပြည့်အဝဆုတ်ခွာပြီး ခါနီးတွင် တာလီဘန်စစ်သွေးကြွများက နောက်ထပ်ပြည်နယ်များကို ပိုမိုသိမ်းပိုက်နိုင်ရန် ထိုးစစ်ကို အရှိန်မြှင့်လျက်ရှိသည်။**

အာဖဂန်လုံခြုံရေးတပ်ဖွဲ့များက စစ်သွေးကြွများ၏ အဖျက်အမှောင့်လုပ်ရပ်များကို တားဆီးရန် တန်ပြန်ထိုးစစ်ဆင်နွှဲလျက်ရှိသည်။

နောက်ဆုံးဖြစ်ပွားခဲ့သော ပဋိပက္ခလှိုင်းတွင် တာလီဘန်များက ကန်ဒါဟာပြည်နယ်တောင်ပိုင်း ကန်ဒါဟာမြို့၊ တာကာပြည်နယ်မြောက်ပိုင်း တာလူကန်မြို့တော်၊ ကွန်ဒုဇ်ပြည်နယ်မြောက်ပိုင်း ကွန်ဒုဇ်မြို့နှင့် ဘက်ဂစ်ပြည်နယ်မြို့တော် ကလာအက်နော်မြို့များကို ထိုးစစ်အရှိန်မြှင့်ခဲ့သည်။

တာလီဘန်တို့၏ ယခင်ခြေကုပ်ယူရာ ကန်ဒါဟာမြို့တွင် အများစုအရပ်သားများဖြစ်ကြသည့် အမျိုးသမီးများနှင့် ကလေးများအပါအဝင် လူအတော်များများ အသတ်ခံရခြင်း သို့မဟုတ် ဒဏ်ရာများ ရရှိခဲ့ကြသည်။

ကန်ဒါဟာမြို့ မာဝေ့စ်ဆေးရုံရှိ ဆရာဝန်တစ်ဦးက ကလေးရှစ်ဦးနှင့် အမျိုးသမီးတစ်ဦးအပါအဝင် ဒဏ်ရာရ အရပ်သား ၁၈ ဦးကို ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း ပြောကြားသည်။

ထို့အပြင် သေဆုံးသူနှစ်ဦးကိုလည်း ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း အဆိုပါ ဆရာဝန်က ဆက်လက်ပြောကြားသည်။

စစ်သွေးကြွများသည် ဂါ့ဇ်နီပြည်နယ်အရှေ့ပိုင်းရှိ မာလူစတန်အပါအဝင် ခရိုင်သုံးခုကို သိမ်းယူခဲ့သည်။ ထို့အပြင် တာလီဘန်စစ်သွေးကြွများသည် မဟာဗျူဟာကျသည့် ဂါ့ဇ်နီပြည်နယ် မြို့တော် ဂါ့ဇ်နီမြို့ကို သိမ်းပိုက်နိုင်ရန် ဆက်လက်တိုက်ပွဲဆင်နွှဲလျက်ရှိသည်။

ဆင်ဟွာ



တာလီဘန်များကို တန်ပြန်ထိုးစစ်ဆင်နွှဲလျက်ရှိသော အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

# သီရိလင်္ကာနိုင်ငံ၌ တစ်နေ့တည်း ကိုဗစ် - ၁၉ ကာကွယ်ဆေး လူပေါင်းလေးသိန်းနီးပါးအား ထိုးနှံပေး

ကိုလံဘို ဇူလိုင် ၁၅

သီရိလင်္ကာကျန်းမာရေးအာဏာပိုင်များက ဇူလိုင် ၁၄ ရက်နေ့တစ်ရက်တည်း ကိုဗစ်-၁၉ ကာကွယ်ဆေး အများဆုံးပမာဏဖြစ်သည့် လူပေါင်းလေးသိန်းနီးပါးထိုးပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်လိုက်သော စာရင်းဇယားအချက်အလက်များအရ သိရသည်။

ဇူလိုင် ၁၄ ရက်က လူပေါင်း ၃၈၄၇၆၃ ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခဲ့ကြောင်း၊ ၎င်းတို့အနက် ၃၃၈၅၇၂ ဦးကို ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ် ထိုးပေးခဲ့ကြောင်း၊ ၃၅၄၁၀ မှာ ဒုတိယအကြိမ် ဆီနိုဖမ်းကာကွယ်ဆေးထိုးခြင်းကိုခံယူခဲ့ကြောင်း သိရသည်။

ထို့အပြင် လူပေါင်း ၃၃၆၅ ဦး စပွတ်နစ်ဗွီ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမအကြိမ် ထိုးနှံမှုခံယူခဲ့ကာ လူပေါင်း ၇၄၁၆ ဦးမှာ ဖိုက်ဇာကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူခဲ့သည်။



သီရိလင်္ကာနိုင်ငံ၌ ကျန်းမာရေးဝန်ထမ်းတစ်ဦးက အသက်ကြီးသူတစ်ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေစဉ်။

သီရိလင်္ကာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးပထမအကြိမ် ထိုးပြီးသူ လေးသန်းကျော် ရှိလာပြီဖြစ်ကြောင်းနှင့် အများစုမှာ ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုခံယူခဲ့ကြသည်။

သီရိလင်္ကာနိုင်ငံတွင် ဒယ်လ်တာ သန္ဓေပြောင်းမျိုးစိတ် ကူးစက်ပျံ့နှံ့လျက်ရှိရာ လတ်တလောတွင် ကိုဗစ်-၁၉ တတိယလှိုင်း ကူးစက်ဖြစ်ပွားမှုနှင့် ရင်ဆိုင်နေရသည်။ သီရိလင်္ကာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၇၉၀၅၉ ဦးရှိပြီး သေဆုံးသူ ၃၆၁၁ ဦး ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနေ့အဖြစ် စံချိန်တင်



မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးရန် နှာခေါင်းတို့ဖတ် နမူနာရယူနေသည်ကို တွေ့ရစဉ်။

ကွာလာလမ်ပူ ဇူလိုင် ၁၅

မလေးရှားနိုင်ငံတွင် ဇူလိုင် ၁၅ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၃၂၁၅ ဦး တိုးလာသောကြောင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားချိန်မှစကာ တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးနေ့အဖြစ် စံချိန်တင်ခဲ့သည်။ မလေးရှားနိုင်ငံတွင် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၈၈၀၇၈၂ ဦး အထိရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန် အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၁၃ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ကာ ၁၃၂၀၂ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ပြောခဲ့သည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ၁၁၀ ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၆၆၁၃ ဦး တိုးလာခဲ့သည်။

ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ် ကူးစက်ပျံ့နှံ့မှုအပါအဝင် တခြား ကိုဗစ်-၁၉ မျိုးစိတ်သစ်များ ကူးစက်ပျံ့နှံ့မှုကြောင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တိုးလာခြင်းဖြစ်ကြောင်း သိရသည်။

ယခင် ကိုဗစ်-၁၉ မျိုးစိတ်များသည် အနည်းဆုံး ၁၅ မိနစ်ကြာမှ ကူးစက်နိုင်သော်လည်း ဒယ်လ်တာအပါအဝင် ကိုဗစ်-၁၉ မျိုးစိတ်သစ်များသည် နီးကပ်သူများကို ငါးစက္ကန့်အတွင်း ကူးစက်နိုင်ကြောင်းသိရသည်။

ဆင်ဟွာ

# အာဖရိက၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ခြောက်သန်းကျော်ရှိလာ

အဒစ်အဘာဘာ ဇူလိုင် ၁၅

အာဖရိက၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ၆၀၂၇၅၇၄ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ဇူလိုင် ၁၄ ရက်က ပြောကြားလိုက်သည်။

ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၅၃၅၄၉ ဦးအထိ ရှိလာကြောင်းနှင့် ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူ ၅၂၅၉၉၂၁ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုပီးယားနှင့် အီဂျစ်နိုင်ငံများသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ကြောင်း ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

တောင်အာဖရိကသည် အာဖရိကနိုင်ငံများထဲတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ နှစ်သန်းကျော်လွန်လာသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

တောင်အာဖရိက အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၂၁၉၃၁၆ ဦးအထိ ရှိလာခဲ့သည်။ မြောက်ပိုင်းအာဖရိက နိုင်ငံတစ်နိုင်ငံဖြစ်သည့် မော်ရိုကို နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၄၅၀၁၆ ဦးရှိပြီဖြစ်သည်။

ဆင်ဟွာ







ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ကိုရိုနာဗိုင်းရပ်စ် (COVID – 19) ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ

ကိုရိုနာဗိုင်းရပ်စ် (COVID–19)ရောဂါဖြစ်ပွားလျှင် ရောဂါပြင်းထန်သည့်လူနာ (၂၀%) ခန့်သည် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူရန်လိုအပ်ပြီး အဆိုပါ (၂၀%)တွင် (၅%) ခန့်သည် အထူးကြပ်မတ်ကုသမှုခံယူရပြီး အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

**နောက်ဆက်တွဲ ရေရှည်ဆိုးကျိုးများအနေဖြင့် –**

- နှလုံးကြွက်သားများထိခိုက်ပျက်စီးပြီး နှလုံးကောင်းစွာအလုပ်မလုပ်နိုင်တော့ခြင်းနှင့် အခြားနှလုံးရောဂါများ ခံစားလာရနိုင်ခြင်း၊
- အဆုတ်အတွင်းရှိ လေအိတ်ငယ်များကိုပျက်စီးစေပြီး အဆုတ်တွင် အမာရွတ်များကျန်ခဲ့၍ နောက်ဆက်တွဲ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြင်း၊
- ဦးနှောက်နှင့်အာရုံကြောရောဂါများဖြစ်သော လေဖြတ်ရောဂါ၊ အတက်ရောဂါ၊ ယာယီအကြောသေရောဂါ(Guillain–Barre syndrome) များ ဖြစ်ပွားခြင်းနှင့် ပါကင်စန်ရောဂါ (Parkinson )နှင့် အယ်ဇိုင်းမား (Alzheimer) ရောဂါများ ဖြစ်ပွားနိုင်ခြေမြင့်တက်ခြင်း၊
- ခန္ဓာကိုယ်ရှိ သွေးကြောများအတွင်း သွေးခဲခြင်းများဖြစ်ပေါ်၍ ဦးနှောက်သွေးခဲခြင်း၊ နှလုံးသွေးကြောများပိတ်ခြင်း၊ ခြေထောက်သွေးပြန်ကြောများပိတ်ခြင်း (Deep Vein Thrombosis) တို့အပြင် အသည်းနှင့်ကျောက်ကပ်ရောဂါများ ဖြစ်ပွားခြင်း၊
- ရောဂါများပြန်လည်သက်သာလာသော်လည်း အထူးကြပ်မတ်ကုသဆောင်တွင် ကာလရှည်ကြာ ကုသမှုခံယူခဲ့ရသည့်အတွက် စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်စိတ်များခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။
- သက်ကြီးဘိုးဘွားများနှင့် နာတာရှည်ရောဂါရှိသူများတွင် အလွန်အမင်းမောပန်းခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း စသည့်ရောဂါလက္ခဏာများကို ပိုမိုပြင်းထန်စွာ ကာလရှည်ကြာ ခံစားရနိုင်ပါသည်။



# ၁၂-၇-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*(ယမန်နေ့မှအဆက်)*

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦးက** ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲများတွင် ပြောခဲ့သည့် NLD ပါတီ ဖျက်သိမ်းမည်ဆိုသည့် သတင်းများမှာ ပျံ့လွှင့်အားကြီးနေကြောင်း၊ ကော်မရှင်အနေဖြင့် ထိုသို့ဖျက်သိမ်းမည့် အခြေအနေအထိ ရောက်/မရောက်နှင့် အထောက်အထားများကို ရှင်းပြပေးစေလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းစဉ်(၁)နှင့်ပတ်သက်ပြီး ဆောင်ရွက်မှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ထုတ်ပြန်ချက်များထုတ်ပြန်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ NLD ပါတီ ဖျက်သိမ်းရေးနှင့် ပတ်သက်၍ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံရေးပါတီ ဥပဒေ၊ နည်းဥပဒေ သတ်မှတ်ပြဋ္ဌာန်းချက်များရှိပြီး ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဖျက်သိမ်းမည်၊ မဖျက်သိမ်းမည်တို့ကို ကြိုတင်ဆုံးဖြတ်ထားခြင်း မရှိသေးကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး ဥက္ကဋ္ဌနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအားလုံး ပါဝင်သည့် အစည်းအဝေးကသာ ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ ဆုံးဖြတ်ပြီးပါကလည်း ဆုံးဖြတ်ချက်ကို အသိပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦးက** ရွေးကောက်ပွဲကို တပ်မတော်က အာဏာထိန်းပြီး တစ်နှစ်အတွင်း ပြန်ပြီးကျင်းပမည်၊ အခြေအနေတည်ငြိမ်ပါက ရွေးကောက်ပွဲကျင်းပမည့် အခြေအနေမျိုးအထိ ရောက်လာခဲ့မည်ဆိုပါက လက်ရှိ COVID-19 ရောဂါဖြစ်ပွားနေသည့် အခြေအနေမျိုးတွင် မည်သို့ပြော၍ရမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ အားလုံးဆောင်ရွက်ပြီးပြီဆိုသည့် အနေအထား၌ ၆ လအတွင်း ရွေးကောက်ပွဲ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ယခုအနေအထားတွင် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နေဆဲ ကာလဖြစ်ကြောင်း၊ ထိုအပေါ်တွင် မူတည်ပြီး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးကောက်ပွဲကျင်းပရန်ရှိသည့်အချိန်တွင် ရွေးကောက်ပွဲကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျဖြင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ COVID-19 ရောဂါနှင့်ပတ်သက်ပြီး ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်လည်း အတိုင်းအတာတစ်ခုအထိ အတွေ့အကြုံရရှိခဲ့သည့်အတွက် လိုအပ်သလို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။





ကရင်ပြည်နယ်အတွင်း ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ။

> **“PR စနစ်ကျင့်သုံးရေးနှင့်ပတ်သက်၍ အသေးစိတ်ထပ်မံဆွေးနွေးရန်ရှိကြောင်းနှင့် စာတမ်း ၁၈ ခုခန့် ရရှိထားကြောင်း၊ ထိုအပေါ်တွင် မူတည်၍ အားလုံးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် သင့်လျော်သည့် PR စနစ်ကျင့်သုံးရေးကို ဆွေးနွေးဆုံးဖြတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်”**

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦးက** ၆ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ပြောထားမှုများ၊ ဖြေကြားမှုများလည်းရှိကြောင်း၊ ယခုကြားထဲတွင်လည်း မဲစာရင်းမှားယွင်းမှုများကို အပြီးသတ် ထုတ်ပြန်ထားမှုလည်းရှိကြောင်း၊ အရေးယူမှုနှင့်ပတ်သက်၍ ရည်ရွယ်ချက်ရှိရှိ အရေးယူမည်ဟု ပြောကြားခဲ့မှုလည်းရှိကြောင်း၊ ယခု အရေးယူပြီးခဲ့မှုရှိပါက မည်မျှရှိမည်လဲ၊ သို့မဟုတ် မယူရသေးဘူးဆိုပါက အရေးယူရန် မည်မျှရှိနေပြီကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဆိုင်ရာ အခန်း(၁၃)၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများအရ အရေးယူဆောင်ရွက်မှုများရှိခဲ့ကြောင်း၊ ထိုကိစ္စကိုလည်း ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနက ရရှိခဲ့သည့် စာရင်းများကို အခြေခံပြီးရှင်းလင်းခဲ့ပြီး ဖြစ်ကြောင်း၊ ဤသည်မှာ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့်ပတ်သက်ပြီး အရေးယူခြင်းဖြစ်ကြောင်း၊ ၎င်းတို့မှာ မဲနှစ်ခါပေးခြင်း၊ အယောင်ဆောင်ပေးခြင်းတို့က ၅၀၀ ခန့်ရှိကြောင်း၊ တော်တော်များများလည်း ပြီးစီးပြီးပြတ်ပြီးဖြစ်ကြောင်း၊ အလားတူ ပြီးခဲ့သည့်မေးမြန်းမှုမှာ ကော်မရှင်နှင့် ကော်မရှင်မှ တာဝန်ရှိသူများ၏ အပိုင်းကို မေးသည်ဟု ယူဆကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်ဆဲဖြစ်ပြီး လိုအပ်သည်များကိုစိစစ်ပြီး ဥပဒေအရ အရေးယူရန် ဆောင်ရွက်နေမှုများလည်း ရှိကြောင်း၊ ပြီးစီးသွားသည့်အချိန်တွင် တိတိကျကျစိစစ်၍သေချာမှန်ကန်သွားပြီ၊ အရေးယူသည့်အပိုင်းကို ရောက်သည့်အချိန်တွင် အဆိုပါစာရင်းဇယားများကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦးက** ရွေးကောက်ပွဲကို ကျင်းပသည့်အချိန်တွင် မဲဆန္ဒရှင်ဦးရေ၊ ဆန္ဒမဲပေးခွင့်ရှိသူဦးရေ၏ မည်မျှရာခိုင်နှုန်း မဲလာထည့်မှ ရွေးကောက်ပွဲအထမြောက်ခြင်းမျိုး သတ်မှတ်ထားမှုရှိပါသလား၊ ရှိပါက ပြန်ရှင်းပြပေးစေလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ရွေးကောက်ပွဲနှင့်ပတ်သက်၍ မိမိတို့ကျင့်သုံးသည့် ရွေးကောက်ပွဲမဲပေးသည့်စနစ်မှာ မဲမပေးမနေရ စနစ်မဟုတ်ကြောင်း၊ ကိုယ့်ဆန္ဒအလျောက် မဲပေးပိုင်ခွင့်ရှိကြောင်း၊ ထိုသို့ပေးသည့်အခါတွင် ဘယ်နှယောက်ပေးမှ၊ ဘယ်နှယောက်မပေးမှတို့ မရှိကြောင်း၊ မဲပေးသည့် မဲဆန္ဒရှင်စာရင်း၊ မဲပေးသည့်ရလဒ်အပေါ်မူတည်ပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တစ်ခုသတိချပ်ရမည်မှာ မဲသည် မိမိဆန္ဒအလျောက် ပေး၍ရကြောင်း၊ မပေးဘဲနေနိုင်သည်မှာ မှန်သော်လည်း တစ်စုံတစ်ဦးတစ်ယောက်ကို မဲမပေးရအောင် ပြောမည်ဆိုပါက ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် တိုက်ရိုက်ငြိစွန်းပြီး အရေးယူရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦးက** ရွေးကောက်ပွဲကို PR စနစ်ကျင့်သုံးမည့် ကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံရေးပါတီများနှင့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရန် ပြောထားမှုများရှိကြောင်း၊ ဘယ်နှကြိမ် လုပ်ခဲ့ပြီးပြီလဲ၊ PR စနစ်အပေါ် အရင်ကထုတ်ပြန်ထားမှုကို ပါတီအများစုက လက်ခံသည်ဟု ပြောကြောင်း၊ အကယ်၍ အလုပ်ရုံဆွေးနွေးပွဲ လုပ်ခဲ့ပြီးပြီဆိုပါက ထိုဆွေးနွေးပွဲတွင် ၎င်းတို့ဘက်က သဘောမတူသည့် အနေအထားမျိုးများ ကြုံတွေ့မှုမျိုးရှိခဲ့လားဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** PR စနစ် ကျင့်သုံးရေးနှင့် ပတ်သက်ပြီး ဖေဖော်ဝါရီလက ပါတီများနှင့် တစ်ကြိမ်တွေ့ဆုံသည့်အချိန်တွင် ဆွေးနွေးခဲ့ကြောင်း၊ မေလတွင်လည်း ပါတီများနှင့် တွေ့ဆုံခဲ့ကြောင်း၊ ဆွေးနွေးချက်များအရ ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲများတွင် ဖြေကြားခဲ့ကြောင်း၊ အများစုကလက်ခံကြောင်း၊ မူအားဖြင့်လက်ခံ၍ မည်သည့်စနစ်၊ မည်သည့်ပုံစံဖြင့် သွားမည်ဆိုသည့် အသေးစိတ်အပိုင်းကို ဆက်လက်ဆောင်ရွက်ရန် ညှိနှိုင်းခဲ့မှုရှိကြောင်း၊ နှစ်ကြိမ်တွေ့ဆုံပြီးဖြစ်ကြောင်း၊ နောက်တစ်ကြိမ်ထပ်တွေ့သည့်အချိန်တွင် PR စနစ်ကျင့်သုံးရေးနှင့်ပတ်သက်၍ အသေးစိတ်ထပ်မံဆွေးနွေးရန်ရှိကြောင်းနှင့် စာတမ်း ၁၈ ခုခန့်ရရှိထားကြောင်း၊ ထိုအပေါ်တွင် မူတည်၍ အားလုံးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် သင့်လျော်သည့် PR စနစ်ကျင့်သုံးရေးကို ဆွေးနွေးဆုံးဖြတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦးက** နိုင်ငံရေးပါတီများ အားကောင်းရန်အတွက် ဆရာတို့က လိုအပ်သည့်နေရာက ကူညီပေါင်းစပ်ပေးသွားမည်ကို ဖြေကြားထားမှုများရှိကြောင်း၊ ယခုအချိန်အထိ UEC ဘက်က ကူညီမှုအပိုင်းတွင် မည်မျှလုပ်ခဲ့ပြီးပြီလဲ၊ ထိုအပေါ်တွင် နိုင်ငံရေးပါတီဘက်က အားရမှုမရှိသေးသည့် အခြေအနေမျိုးရှိကြောင်း၊ ၎င်းတို့တွင် အရမ်းလိုအပ်နေသည့် အခက်အခဲများရှိကြောင်း၊ ထိုအတွက် ဆရာတို့က ထပ်မံ၍ဖြေကြားပေးစေလိုကြောင်း၊ မည်သို့ပံ့ပိုးသွားမည်ကို သိလိုကြောင်းမေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** လက်ရှိတည်ဆဲနိုင်ငံရေးပါတီ ၉၃ ပါတီရှိကြောင်း၊ ထိုပါတီများသည် မိမိယုံကြည်သည့် နိုင်ငံရေးလမ်းစဉ်ပေါ်၌မူတည်ပြီး (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာစည်းရုံးပြီး မိမိမူဝါဒလမ်းစဉ်အတိုင်း သတ်မှတ်ထားသော နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်သူများကိုစည်းရုံး၍ မိမိနိုင်ငံရေးပါတီ၏ ဆောင်ရွက်စရာလုပ်ငန်းများကို ဆောင်ရွက်ပိုင်ခွင့်ရှိကြောင်း၊ ဤသည်မှာ ဥပဒေ၊ နည်းဥပဒေအရဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဆက်သွယ်ဆောင်ရွက်သည့်အချိန်တွင် အဆင်ပြေအောင် မိမိတို့က ရုံးလုပ်ငန်းသဘောတရားအရ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တွေ့ဆုံဆွေးနွေးသည့် အချိန်တွင်လည်း နိုင်ငံရေးပါတီများသည် မိမိပါတီများ၏ အခက်အခဲများဖြစ်ဖြစ်၊ အစည်းအဝေး Agenda အရသော်လည်းကောင်း ဆွေးနွေးပိုင်ခွင့်များလည်းရှိကြောင်း၊ ဆွေးနွေးသည့် အချက်များပေါ်မူတည်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်ပေးနိုင်သည့် အချက်အလက်များကို အတတ်နိုင်ဆုံး အဆင်ပြေအောင် ဆောင်ရွက်ပေးရန် ကော်မရှင်အနေဖြင့် ဆန္ဒရှိပါကြောင်း၊ ဆောင်ရွက်လျက်ရှိသည်ကို ဖြေကြားခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦးက** မည်သို့လိုအပ်ချက်များ၊ အခက်အခဲများကို စာတင်ခြင်းမျိုးဖြစ်စေ၊ ပါတီများ၊ တာဝန်ရှိပုဂ္ဂိုလ်များက UEC ကို လာရောက်၍ လူချင်းတွေ့တင်ပြခြင်းဖြစ်စေ၊ ထိုကဲ့သို့လုပ်ဆောင်မှ ကူညီမှုက အမြန်ဆုံးရမည်ဆိုသည့် သဘောမျိုးလားဟု မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ထိုသဘောမျိုး မှန်ပါကြောင်း၊ ပါတီများတွင်လည်း ပါတီများ၏ လိုအပ်ချက်များ၊ အခက်အခဲများရှိနိုင်ကြောင်း၊ အလားတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၌လည်း ဆောင်ရွက်နိုင်သည့် Capacity နှင့် ဆောင်ရွက်နိုင်မည့် ဥပဒေနှင့်အညီ လုပ်နိုင်သည့် လုပ်ငန်းစဉ်များရှိကြောင်း၊ ထိုအပေါ်တွင်မူတည်ပြီး ကော်မရှင်အနေဖြင့် အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမည့် အနေအထားကို ဖြေကြားခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**နေပြည်တော်တိုင်းမ်သတင်းဌာနမှ အယ်ဒီတာ ဦးမင်းမောင်က** ရွေးကောက်ပွဲကို နောက် ၆ လဆိုလျှင် ကျင်းပပေးမည်ကို မိမိတို့ကြားသိရကြောင်း၊ အကယ်၍ နောက် ၆ လနေပါက နိုင်ငံရေးနှင့် COVID-19 ရောဂါမတည်ငြိမ်မှုများ ဖြစ်ပွားသည့်အပေါ်၌ မကျင်းပနိုင်ခဲ့ပါက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သည့်အရာများ လုပ်ဆောင်ပေးနိုင်မည်ကို ဖြေကြားပေး၍ရမည်ဆိုပါက ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** နောက် ၆ လတွင် ဆောင်ရွက်ပေးမည်ဟု ဖြေကြားခဲ့ခြင်း မဟုတ်ကြောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်အရ ၁ နှစ်ရှိကြောင်း၊ အလားတူ ဆောင်ရွက်စရာ လုပ်ငန်းများ ဆောင်ရွက်ရန် ကျန်ရှိနေပါက သာမန်အားဖြင့် ၆ လ နှစ်ကြိမ် သက်တမ်းတိုးနိုင်မှုများလည်း ဥပဒေအရရှိကြောင်း၊ ကာ/လုံမှ ထိုကိစ္စများ အားလုံးဆောင်ရွက်ပြီးပါက ရွေးကောက်ပွဲကျင်းပပေးပါဟု မိမိတို့ကော်မရှင်ကို အကြောင်းကြားသည့် အချိန်တွင် ဆောင်ရွက်ပြီးသည့်အနေအထား ပြီးစီးကာမှ မိမိတို့က ၆ လအတွင်း ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဤအချိန် Time Limit များက သာမန်အားဖြင့် လတ်တလော ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးကြောင်း၊ သို့သော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ပါ အချက်(၁)နှင့်

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

အချက်(၅)အတိုင်း ဆောင်ရွက်နိုင်ရေးကို အဆင်သင့်ဖြစ်အောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**နေပြည်တော်တိုင်းမ်သတင်းဌာနမှ အယ်ဒီတာ ဦးမင်းမောင်**က NLD ပါတီက မဲလိမ်၊ မဲခိုးမှုပြဿနာဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့က စိစစ်တွေ့ရှိချက်များအပေါ်တွင် ဥပဒေ by Law အတိုင်း အရေးယူဆောင်ရွက်မည်ကို သိထားကြောင်း၊ အရေးယူဆောင်ရွက်ရာတွင် ပါတီဖျက်သိမ်းသည့်အထိ အရေးယူဆောင်ရွက်ရန် ရှိပါသလား၊ ပြစ်မှုကျူးလွန်သည့် လူကိုသာလျှင် Decision အမိန့်ချ၍ အပြစ်ပေးအရေးယူမည်လား၊ ထိုနှစ်ခုကို ကွဲကွဲပြားပြားသိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ထိုကိစ္စနှင့် ပတ်သက်ပြီး ကြိုတင်၍ ဆွေးနွေးဆုံးဖြတ်ထားခြင်း မရှိသေးကြောင်း၊ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အားလုံး အစည်းအဝေး၌ ထိုကိစ္စအားလုံးကို ဆွေးနွေးဆုံးဖြတ်ပြီးမှသာ ဖြေကြားနိုင်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**97 Media မှ သတင်းထောက်ချုပ် နန္ဒလင်းကျော် (ထားဝယ်)**က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် (UEC)အနေဖြင့် အချိုးကျကိုယ်စားပြုစနစ်(PR)အတွက် ပြင်ဆင်ဆောင်ရွက်နေသည့်အချိန်တွင် နိုင်ငံရေးပါတီများက စာတမ်းများပြုစု၍ တင်ပြသော အခြေအနေကို သိရှိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က နိုင်ငံရေးပါတီ ၁၈ ပါတီခန့်ဆီက စာတမ်းများရထားပြီးဖြစ်ကြောင်း၊ ထိုစာတမ်းများအပေါ်မှ လိုအပ်လျှင် Forum တစ်ခုလုပ်၍ ဆွေးနွေးပြီးမှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်အစီအစဉ်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**လူထုရင်ဖွင့်သံ သတင်းမီဒီယာမှ အယ်ဒီတာ ဦးမင်းဂေါင်**က NLD ပါတီ၏ မဲစာရင်းမှားယွင်းမှုများနှင့် ပတ်သက်ပြီး လူထုဆန္ဒပြမှုများ၊ တောင်းဆိုမှုများ၊ ပါတီများကလည်း သတင်းစာရှင်းလင်းပွဲများဖြင့် အကြိမ်ကြိမ် ရှင်းလင်းတင်ပြခဲ့ပြီး UEC ကိုယ်တိုင်ကလည်း ရှင်းလင်းတင်ပြပြီးဖြစ်ကြောင်း၊ ထိုအတွက် ဥပဒေကြောင်းအရ နိုင်ငံအတွင်း၌ တရားမျှတမှုနှင့် အမှန်တရားကိုလိုလားသည့် ပြည်သူအားလုံးက မျှော်လင့်တောင့်တပြီးဖြစ်ကြောင်း၊ UEC က အားလုံးစစ်ဆေးပြီးပြီကို ယနေ့သိရကြောင်း၊ စစ်ဆေးပြီးသည့်အချိန်တွင် မကြာမီအချိန်အတွင်း မည်သည့်အချိန်ကာလတွင် Result ကို ဆုံးဖြတ်မည်လဲ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကလည်း ဥပဒေအတိုင်းသာ ဆောင်ရွက်ရန် ညွှန်ကြားသည်ကို သိရကြောင်း၊ ဥပဒေအတိုင်းဆိုပါက အဖြေမှာ မိမိတို့ အမျိုးသားရေးသမားများအပါအဝင် တရားမျှတမှုလိုလားသူများ၏ဆန္ဒက ရှင်းလင်းကြောင်း၊ အားလုံးက တရားမျှတမှုဥပဒေအတိုင်းသာ လိုချင်ကြကြောင်း၊ မိမိတို့သိလိုသည်မှာ မည်မျှလောက် မြန်မြန်ဆန်ဆန်၊ အားလုံးလည်း ပြီးသွားပြီဖြစ်၍ ထို Result ကို တစ်နိုင်ငံလုံးက ပြည်သူများက မျှော်လင့်နေကြကြောင်း၊ အခြေအနေအားလုံးကလည်း စစ်ဆေးပြီးပြီဖြစ်သည့်အတွက် မည်သည့်ကာလတွင် အစည်းအဝေးထိုင်ပြီး ဆုံးဖြတ်မည်ကို အကြမ်းဖျင်းသိလိုကြောင်း၊ နောက်တစ်ချက်မှာ ထိုကိစ္စနှင့် ပတ်သက်ပြီး ဆုံးဖြတ်ပါက နိုင်ငံရေးပါတီများကို ဖိတ်ကြားတိုင်ပင်မှုများ၊ သိသာမြင်သာအောင် ဆောင်ရွက်ရန် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ထိုကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် အမှတ်စဉ်(၁)အတိုင်း ဆောင်ရွက်သည့်နေရာတွင် ရလဒ်များထုတ်ပြန်သည့် အနေအထားမှာ အားလုံးအတွက် ထုတ်ပြန်ပြီးစီးသည့် အနေအထားမျိုးအထိ ရောက်ပြီးဖြစ်ကြောင်း၊ သို့သော်လည်း နောက်ထပ်အသေးစိတ် ဆောင်ရွက်နေမှုများလည်းရှိကြောင်း၊ အားလုံးပြီးစီးသွားပြီဆိုပါက ဆရာမေးသည့် မေးခွန်းအတိုင်း ဤကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးဆုံးဖြတ်နိုင်မည်ဟု ပြန်လည်ဖြေကြားသည်။

> ❖ **တပ်ရင်း/တပ်ဖွဲ့များမှာ ခွဲခြားစောင့်ကြည့်လူနာများထားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး မပြီးစီးသေးကြောင်း၊ မကြာမီရက်ပိုင်းအတွင်း ပြီးစီးမည်ဖြစ်ကြောင်း၊ သူ့နေရာနှင့်သူ ထားရှိနိုင်မည် ဆိုလျှင် ထားရှိနိုင်မှုကိုလည်း ထိန်းချုပ်ရာရောက်ကြောင်း၊ ထို့အပြင် ဒေသအလိုက် အထောက်အကူပြုရာ ရောက်မည်ဖြစ်သည့်အတွက် အားလုံးကို ပြင်ဆင်ထား**

**လူထုရင်ဖွင့်သံ သတင်းမီဒီယာမှ အယ်ဒီတာ ဦးမင်းဂေါင်**က နိုင်ငံရေးပါတီ ၉၀ ကျော်ကို နိုင်ငံခြားငွေစီးဆင်းမှုများနှင့်ပတ်သက်မှုအပါအဝင် အခြားစိစစ်ခိုင်းသည့် သဘောတရားကို ပြည်ထဲရေးသို့ တင်ထားသည်ကို အကြမ်းဖျင်းသိထားကြောင်း၊ ထိုအနေအထားတွင် မည်မျှစစ်ဆေးပြီးထားပြီလဲ၊ ဘယ်တော့လောက် ထုတ်ပြန်ကြေညာမည်ကို အကြမ်းဖျင်းသိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ထိုကိစ္စများအတွက် နိုင်ငံရေးပါတီအားလုံး ၉၃ ပါတီအတွက် ဆောင်ရွက်နေကြောင်း၊ မကြာခင် အားလုံးပြီးစီးမည်ဖြစ်ကြောင်း၊ မိမိတို့ အချိန်ကာလတစ်ခုပေးထားမှုလည်း ရှိကြောင်း၊ ပြီးစီးရန်လည်းနီးပြီဖြစ်ကြောင်း ပြန်လည်ဖြေကြား သည်။

**လူထုရင်ဖွင့်သံ သတင်းမီဒီယာမှ အယ်ဒီတာ ဦးမင်းဂေါင်**က ပြီးစီး၍ Result ကို တွေ့လာပါက ဥပဒေအရ အမှန်တကယ် တိတိကျကျ အရေးယူမည်လားဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က စိစစ်ချက်၊ တွေ့ရှိချက်အားလုံးကို ခြုံငုံသုံးသပ်ပြီးမှ ဥပဒေနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က မြေပြင်တွင် ဖြစ်ပျက်နေသည့် လူသတ်မှုများ အလွန်များနေကြောင်း၊ သာမန်လူများပါ ကြောက်စိတ် ဝင်နေသည့်အတွက် ယင်းဖြစ်စဉ်တွင် အုပ်ချုပ်သူများအနေဖြင့် တာဝန်ရှိနေကြောင်းကို ဝေဖန်သံများကြားနေသည့်အတွက်ဖြစ်လျှင် မည်သူမျှမကူညီနိုင်သည့် အနေအထားကြောင့် ယင်းနှင့်ပတ်သက်ပြီး မည်သို့ထိန်းသိမ်းရန်စီစဉ်ထားသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မြေပြင်တွင် COVID-19 ရောဂါနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် အစိုးရအဖွဲ့ဝင်များလည်း သိရှိပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဇူလိုင်လ ၉ ရက်နေ့ ဆွေးနွေးပွဲတွင်လည်း အောက်ခြေက သတင်းမှန်များ ရရှိအောင် အချိန်မီသတင်းများပို့ကြရန် ပြောကြားခဲ့ကြောင်း၊ ယခုဖြစ်ပျက်နေသည့်အခြေအနေကို မိမိတို့ဝန်ခံကြောင်း၊ ဆေးရုံ၊ ဆေးခန်းများ၌လည်း ပြည့်နေတာရှိကြောင်း၊ Q စင်တာများတွင်လည်း ပြည့်နေတာရှိကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ရောဂါအခြေအနေများအရ လက်ခံဆောင်ရွက်ပေးနေပြီး တပ်မတော်အနေဖြင့်လည်း ကူညီအားဖြည့်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်ဆေးရုံများ၌ COVID-19 ရောဂါအခြေအနေအရ ထားရှိနိုင်ဖို့အတွက် စုစုပေါင်း ၁၄ နေရာပြင်ဆင်ထားကြောင်း၊ နေပြည်တော်တိုင်း၌ ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေးတပ်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၌ အောင်ပန်းတွင်ရှိသည့် စစ်ဆေးရုံ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်၌ မင်္ဂလာဒုံတွင်ရှိသည့် စစ်ဆေးရုံ ၂ ရုံ၊ ယခင်ကတည်းကရှိခဲ့သည့် လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၊ မှော်ဘီတွင်ရှိသည့် တပ်မတော်ဆေးအကူကျောင်း၊ မှော်ဘီရှိ စစ်မြေပြင်ဆေးတပ်ရင်း၊ အင်းတိုင်ရှိ တပ်မတော်ဆေးရုံ၊ ရဲမွန်ရှိ တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း၊ အင်းစိန်ရှိ သီရိမင်္ဂလာသာသနာ့ဗိမာန်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ စစ်မြေပြင်ဆေးတပ်ရင်း (စစ်တွေ)နှင့် စစ်ဆေးရုံတစ်ခု ပြင်ဆင်နေကြောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ တပ်မတော်ဆေးရုံကြီး (၁/၅၀၀) ခုတင် ၅၀၀ဆံ့ ဆေးရုံကြီးနှင့် ပင်မစစ်လက်နက်ပစ္စည်းတပ် (မန္တလေး)တို့တွင် ထားရှိရန်နေရာ ၁၄ နေရာ စီစဉ်ထားကြောင်း၊ ထားရှိရန်အတွက် ဝင်ဆံ့အင်အားက အရေးကြီးလူနာ ၂၃ ယောက်၊ မစိုးရိမ်ရလူနာ ၃၆၃၅ ဦး ပေါင်း **၃၆၅၈** ဦးဖြစ်ကြောင်း၊ မေ့ဆေးပါရဂူ တစ်ဦး၊ ဆေးကုသမှုပါရဂူ တစ်ဦး၊ ခွဲစိတ်ခွဲပါရဂူ တစ်ဦး၊ ဆေးမှူး သုံးဦး၊ အထက်တန်းသူနာပြုအရာရှိ ခြောက်ဦး၊ အကူသူနာပြု သုံးဦး အပါအဝင် ဆေးတစ်ဖွဲ့ကို ၂၀ ဦးနှင့် အဖွဲ့သုံးဖွဲ့ဖွဲ့ကာ ဆေးရုံ၊ ဆေးတပ်များ၌ COVID-19 ရောဂါ လူနာထားရှိမှုများကို ဆောင်ရွက်ထားကြောင်း၊ ယခုလက်ရှိ တပ်ရင်း/တပ်ဖွဲ့များ၌ ထားရှိနိုင်ရန် ပြင်ဆင်မှုအနေနှင့် ထားရှိရန်နေရာ ၉၃၁ နေရာ ပြင်ဆင်ထားကြောင်း၊ ဝင်ဆံ့အင်အား ၂၂၆၉၉ ဦးဖြစ်ပြီး လက်ရှိကုသပေးနေသည်မှာ ၂၈၆၀ ဦး ကုသပေးလျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်ရင်းတပ်ဖွဲ့အလိုက် ပြင်ဆင်ခိုင်းထားကြောင်း၊ တပ်ရင်း/တပ်ဖွဲ့များက မြန်မာနိုင်ငံအနှံ့နီးပါး မြို့တိုင်း၊ ဒေသတိုင်းတွင်ရှိကြောင်း၊ ၎င်းတပ်ရင်း/တပ်ဖွဲ့များမှာ ခွဲခြားစောင့်ကြည့်လူနာများထားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး မပြီးစီးသေးကြောင်း၊ မကြာမီရက်ပိုင်းအတွင်း ပြီးစီးမည်ဖြစ်ကြောင်း၊ သူ့နေရာနှင့်သူ ထားရှိနိုင်မည် ဆိုလျှင် ထားရှိနိုင်မှုကိုလည်း ထိန်းချုပ်ရာရောက်ကြောင်း၊ ထို့အပြင် ဒေသအလိုက် အထောက်အကူပြုရာ ရောက်မည်ဖြစ်သည့်အတွက် အားလုံးကိုပြင်ဆင်ထားကြောင်း၊ ယခုလတ်တလော မပြီးစီးသေးသည့် အခြေအနေရှိသည့်အတွက် အမြန်ဆုံး ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ပြင်ဆင်ဆောင်ရွက်ထားမှုများရှိပါကြောင်း၊ လူနာများအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ဖြည့်စွက်ပြောကြားပေးစေလိုကြောင်း ပြန်လည်ဖြေကြားသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ သန်းနိုင်စိုး**က ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၄ ရက်အထိ ပြင်ဆင်ထားသည့် ကုသရေးစင်တာပေါင်း ၆ ခုရှိကြောင်း၊ ကုသရေးဌာန (မင်းဓမ္မ)တွင် ခုတင် ၂၅၀ ပြင်ဆင်ထားပြီး နည်းနည်း သက်သောင့်သက်သာလူနာများထားရန်ဖြစ်ကြောင်း၊ ကုသရေးဌာန (မရမ်းကုန်း)တွင် ခုတင် ၅၀၀ ပြင်ဆင်ထားပြီး အလယ်အလတ်အတန်းစားများကို ထည့်သွင်းပြင်ဆင်ထားကြောင်း၊ ကုသရေးဌာန (သုဝဏ္ဏ)တွင် ၃၀၀၊ ကုသရေးဌာန(လှိုင်)တွင် ၅၄၀၊ ကုသရေးဌာန (ဒဂုံဆိပ်ကမ်း)တွင် ၁၈၂၀၊ ကုသရေးဌာန (ဖောင်ကြီး)တွင် ၄၀၀ အားလုံးပေါင်း ၃၉၁၀ ပြင်ဆင်ထားရှိပြီး အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်လျက်ရှိကြောင်း၊ အလားတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၊ ခုတင် ၅၀၀ အထူးကုဆေးရုံကြီး၊ အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး၊ သဃ်န်းကျွန်း ပြည်သူ့ဆေးရုံ၊ မြောက်ဥက္ကလာပြည်သူ့ဆေးရုံ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၊ ရန်ကုန်ကလေးဆေးရုံကြီး၊ ရန်ကင်းကလေးဆေးရုံကြီးနှင့် အရိုးအထူးကုဆေးရုံကြီးများမှာလည်း COVID-19 ရောဂါ လူနာများထားရှိနိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း၊ ယင်းမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေ ဖြစ်ပါကြောင်း၊ အဓိကအားဖြင့် မိမိတွင် COVID-19 ရောဂါသံသယလက္ခဏာများ ခံစားရပြီဆိုလျှင် ဒေသန္တရကျေးလက်ကျန်းမာရေးဌာနခွဲများကို တည်ဆောက်ပြီးမှ မြို့နယ်ကျန်းမာရေးစနစ်၊ ထိုမှ ပြည်နယ်/ တိုင်းဒေသကြီး ကျန်းမာရေးစနစ်၊ ဗဟိုဆိုပြီး ကျန်းမာရေးစနစ်ကို တည်ဆောက်ထားတာဖြစ်ကြောင်း၊ Catchment Area ဟု ခေါ်ကြောင်း၊ သူ့ဒေသအလိုက် သတင်းပေးပို့ရမည့် လက္ခဏာရှိသူများ၊ ရောဂါဝေဒနာခံစားနေရသည့် လူနာများ၊ အဓိကအားဖြင့် COVID-19 ရောဂါနှင့်ပတ်သက်၍ သက်ဆိုင်ရာဒေသန္တရကို ဆက်သွယ်မည်ဆိုလျှင် ဒေသန္တရက လိုအပ်သည်များကို စစ်ဆေးပေးကြောင်း၊ ရောဂါ၏ အခြေအနေအပေါ်၊ လူနာ၏အခြေအနေအပေါ် မူတည်ပြီး မည်သည့်ဆေးရုံတွင် လူနာဘယ်နှယောက်ရကြောင်း၊ မည်သည့်ဆေးရုံတွင် လူနာဘယ်နှယောက်ဆင်းကြောင်း၊ ၎င်းတို့အပေါ် မူတည်ပြီး လူနာများကို ပို့ဆောင်ပေးသည့်အပိုင်း၊ ဒီဆေးရုံကို ရည်ညွှန်းပြီး ခုတင်နေရာရှိသည့်၊ ထားပေးသည့် အပိုင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း ဖြည့်စွက်ဖြေကြားသည်။

ဆက်လက်၍ **VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က ဒေါက်တာခင်ခင်ကြီးကလည်း Facebook တွင် ရေးထားကြောင်း၊ ဒေသန္တရကို သွားပါ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဆက်သွယ်ပါဟု ရေးထားသောကြောင့် ဒေသန္တရကို သွားသော်လည်း ငြင်းလွှတ်ကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ဆက်သွယ်သည့်အခါ ၎င်းတို့က လုံခြုံရေးအခြေအနေအရ ဘယ်လိုမှဆက်သွယ်၍ မရကြောင်း၊ ဖြစ်လာပါက ဘယ်ကို အမြန်ဆုံး ဆက်သွယ်ရမည်ကို သိလိုကြောင်း၊ ဖြစ်နေသည်ကလည်း အတော်ဖြစ်နေသည့်အတွက် အောက်ဆီဂျင်များ ပြတ်နေကြောင်း၊ အောက်ဆီဂျင် ရှာ၍ မရကြောင်း၊ ထိုကိစ္စကို တစ်ခါတည်း သိလိုပါကြောင်း မေးမြန်းသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ သန်းနိုင်စိုး**က ၎င်းမေးခွန်းကို မေးမြန်းသည့်အတွက် ကျေးဇူးတင်ကြောင်း၊ အဓိက ယခုရင်ဆိုင်နေရသည်မှာ မျိုးရိုးဗီဇပြောင်းသည့် ဗိုင်းရပ်စ်ဖြစ်သည့်အတွက် ကူးစက်မှုနှုန်းကလည်း အလွန်မြန်ကြောင်း၊ ခဏလေးအတွင်း မိသားစုလိုက် ကူးစက်မှုများရှိကြောင်း၊ လူနာဦးရေ များပြားလာသည့်အတွက် Service ကို လိုချင်သည့်ဦးရေ များလာကြောင်း၊ ထိုအခါ Service က ပေးရမည့်ပမာဏနှင့် ဒေသန္တရ System ၊ မြို့နယ်ကျန်းမာရေးစနစ်၊ တိုင်းကျန်းမာရေးစနစ်၊ တစ်ဖက်က ကုသရေးဆေးရုံများကို လွှဲပြောင်းသည့်စနစ်၊ ဤသည်မှာ တစ်ဖက်ကလူနာတအားများလာသည့်အခါ System အပေါ် ဖိလာကြောင်း၊ ထိုသို့ဖိလာခြင်းကြောင့် ကျန်းမာရေးဝန်ထမ်းများသည် တချို့နေရာတွင် သူနာပြု ၅၀ ရာခိုင်နှုန်း၊ တချို့နေရာတွင် သူနာပြု ၆၀ ရာခိုင်နှုန်းခန့်ဖြင့် လည်ပတ်နေကြောင်း၊ တစ်ဖက်ကလည်း HR နှင့်ပတ်သက်ပြီး Challenge ရှိသည့်အချိန်၊ တစ်ဖက်ကလည်း Demand များနေသည့်အတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အမှန်တကယ် မိမိတို့တွင် Source များ များစွာရှိကြောင်း၊ အဓိကက မြို့နယ်ကျန်းမာရေးစနစ်များနှင့်မြို့နယ်ရပ်မိရပ်ဖလူမှုကူညီရေးအသိုင်းအဝိုင်းအသင်းများ ပူးပေါင်းပြီး ဆောင်ရွက်ရန်လိုပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ပါက မြို့နယ်ကျန်းမာရေး

*စာမျက်နှာ ၁၈ သို့*

## ၁၅ - ၇ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၈၄၈၅၀၈ | ၂၉၃၂၄၃၀၀ | ၆၂၃၈၄၂ |
| ၂။ | အိန္ဒိယ | ၃၀၉၈၇၈၈၀ | ၃၀၁၄၃၈၅၀ | ၄၁၂၀၁၉ |
| ၃။ | ဘရာဇီး | ၁၉၂၀၉၇၂၉ | ၁၇၈၅၈၆၃၃ | ၅၃၇၄၉၈ |
| ၄။ | ရုရှား | ၅၈၈၂၂၉၅ | ၅၂၇၈၉၇၆ | ၁၄၆၀၆၉ |
| ၅။ | ပြင်သစ် | ၅၈၂၉၇၂၄ | ၅၆၅၂၉၁၆ | ၁၁၁၄၁၃ |
| ၆။ | တူရကီ | ၅၅၀၀၁၅၁ | ၅၃၆၅၀၇၅ | ၅၀၃၆၇ |
| ၇။ | ဗြိတိန် | ၅၂၃၃၂၀၇ | ၄၃၇၄၃၁၄ | ၁၂၈၅၃၀ |
| ၈။ | အာဂျင်တီးနား | ၄၇၀၂၆၅၇ | ၄၃၂၆၄၀၃ | ၁၀၀၂၅၀ |
| ၉။ | ကိုလံဘီယာ | ၄၅၆၅၃၇၂ | ၄၃၁၇၄၃၆ | ၁၁၄၃၃၇ |
| ၁၀။ | အီတလီ | ၄၂၇၅၈၄၆ | ၄၁၀၆၃၁၅ | ၁၂၇၈၃၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၅ - ၇ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၇၂၆၈၀၃ | ၂၁၇၆၄၁၂ | ၇၀၁၉၂ |
| ဖိလစ်ပိုင် | ၁၄၉၀၆၆၅ | ၁၄၁၈၈၅၆ | ၂၆၃၁၄ |
| မလေးရှား | ၈၈၀၇၈၂ | ၇၆၅၈၀၀ | ၆၆၁၃ |
| ထိုင်း | ၃၇၂၂၁၅ | ၂၆၆၁၂၇ | ၃၀၃၂ |
| မြန်မာ | ၂၁၂၅၄၅ | ၁၅၃၆၀၉ | ၄၃၄၆ |
| ကမ္ဘောဒီးယား | ၆၄၆၁၁ | ၅၆၁၇၈ | ၁၀၂၅ |
| စင်ကာပူ | ၆၂၈၅၂ | ၆၂၄၆၇ | ၃၆ |
| ဗီယက်နမ် | ၃၈၂၃၉ | ၉၆၂၄ | ၁၃၈ |
| လာအို | ၃၀၉၂ | ၂၁၇၄ | ၄ |
| ဘရူနိုင်း | ၂၈၂ | ၂၅၆ | ၃ |

*စာမျက်နှာ ၁၇ မှ*

စနစ်တွင် တာဝန်ယူမှု၊ တာဝန်ခံမှုကို ရည်ညွှန်းပေးနိုင်သည့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမျိုးရှိပါကြောင်း၊ ထို့အတူ တစ်ဖက်တွင်လည်း လူမှုရေးအသင်းအဖွဲ့နှင့်အတူ စေတနာ့ဝန်ထမ်းများပါသည့် အဖွဲ့အစည်းများရှိကြောင်း၊ နှစ်ဖက်ညှိနှိုင်းပြီး contact များမှ Demand ဖြစ်လာသည့် Request များကို ဖြေရှင်းပေးနိုင်ရန် လူများများလိုပြီး ပူးပေါင်းဆောင်ရွက်ရန် လိုပါကြောင်း၊ ထို့ကြောင့် မြို့နယ်အလိုက် ပူးပေါင်းဆောင်ရွက်မည့် အင်အားများ ရလာလျှင် မြို့နယ်ကျန်းမာရေးဌာနများလည်း အင်အားတောင့်လာမည်ဖြစ်ကြောင်း၊ System အပေါ်တွင် ပိခြင်းကိုလည်း လျှော့နိုင်မည်ဖြစ်ပါကြောင်း၊ အချို့ကိစ္စများတွင် Positive ဖြစ်သော်လည်း ပြင်းပြင်းထန်ထန် မဖြစ်ပါကြောင်း၊ မဖြစ်သော်လည်း အိမ်ပြန်ပို့ပါက အိမ်ကလူများ ကူးမည်ဖြစ်ပါကြောင်း၊ ၎င်းကို Community Positive Center အနံ့ပျောက်စင်တာကဲ့သို့သော နေရာမျိုးတွင် ထားရပါကြောင်း၊ ထို့ကြောင့် ရပ်မိရပ်ဖအကူအညီနှင့် သူ့မြို့နယ်လိုက် ထားပေးနိုင်ပါက ကူးစက်မှုကွင်းဆက်များ ပြတ်တောက်သွားမည်ဖြစ်သလို အရေးပေါ်လူနာများအတွက် ရွှေ့ပြောင်းပေးမည့် အင်အားများ များစွာရမည်ဖြစ်ပါကြောင်း၊ ပူးပေါင်းမှုသည် အဓိကဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က မြန်မာပြည်တစ်ပြည်လုံးတွင် ဖြစ်နေသည်က လူသတ်မှုများ အလွန်များလာပါကြောင်း၊ ဒလန်ဆိုပြီးသတ်၊ မိတာစာရေးဆိုပြီးသတ်၊ အမျိုးမျိုးသတ်နေကြပါကြောင်း၊ ထိုသို့ သတ်ဖြတ်မှုများသည် သာမန်လူများ ကြောက်စိတ်၊ စိုးရိမ်စိတ်များ ဝင်နေပါကြောင်း၊ ၎င်းဖြစ်စဉ်တွင် အုပ်ချုပ်သူများအပေါ်တွင် တာဝန်ရှိသည်ဟူ၍ ဝေဖန်မှုများရှိနေပါကြောင်း၊ မည်သူမျှ မကယ်နိုင်သည့် အခြေအနေမျိုးဖြစ်နေပါကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်ပြီး မည်သို့စီစဉ်ထားသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က လုံခြုံရေးနှင့်ပတ်သက်ပြီး ရပ်ကွက်အုပ်ချုပ်ရေး၊ ရာအိမ်မှူးများကို သတ်ဖြတ်ခြင်းများ၊ ဒလန်ဆိုပြီးသတ်ဖြတ်ခြင်းများ၊ ဒလန်ဆိုပြီး စွပ်စွဲပြီး ရပ်ရွာထဲတွင်နေမရအောင်လုပ်ခြင်းများရှိနေပါကြောင်း၊ ယခုထိလည်း ရှိနေပါကြောင်း၊ မိမိတို့အနေဖြင့် အကာအကွယ် အပြည့်အဝမပေးနိုင်ခြင်းမျိုးရှိသည်ကို ဝန်ခံပါကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကို ရပ်ရွာထဲတွင် ကာကွယ်စောင့်ရှောက်မှု အချို့နေရာတွင်ပေးနိုင်သော်လည်း ခရီးထွက်သွားလျှင်မပေးနိုင်ပါကြောင်း၊ မေတ္တာရပ်ခံလိုသည်မှာ သံသယရှိသည့် အုပ်ချုပ်ရေးမှူးများ၊ ရန်ပြုခံရသည့် သူများအနေဖြင့် ခရီးထွက်ခြင်း၊ သွားခြင်းများရှိလျှင် သက်ဆိုင်ရာ ယုံကြည်စိတ်ချရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အသိပေး၊ သတိပေးသွားရန် ပထမဦးဆုံး ပြောလိုပါကြောင်း၊ လုံခြုံရေးအခြေအနေအရ အကူအညီတောင်းခံခြင်းမျိုးများလည်း ရှိပါကြောင်း၊ တောင်းခံသည်ကိုလည်း အပြည့်အဝမပေးနိုင်ခြင်းမျိုးရှိပါကြောင်း၊ သို့သော်သက်ဆိုင်ရာကို အကြောင်းကြားသွားရန်လိုကြောင်းကို ပြောလိုပါကြောင်း၊ ဆောင်ရွက်နေမှုအခြေအနေမှာ အကုန်လုံး ပြည့်ပြည့်စုံစုံ မရှိသေးပါကြောင်း၊ ရပ်ကွက်၊ ကျေးရွာအလိုက် လုံခြုံရေးအထောက်အကူပြုအဖွဲ့ဟူ၍ ဖွဲ့စည်းဆောင်ရွက်နေခြင်းများ ရှိပါကြောင်း၊ အချို့နေရာများတွင် အောင်မြင်နေပါကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၄၅ ရာခိုင်နှုန်းခန့် လွှမ်းမိုးနိုင်သည်ဟု ပြောလိုပါကြောင်း၊ တစ်စတစ်စ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၎င်းတို့သည် လက်နက်ကိုင်ဆောင်သည့် အဖွဲ့မဟုတ်ပါကြောင်း၊ သို့သော် ၎င်းတို့သည် အကြမ်းဖက်လုပ်ရပ်များနှင့် ပတ်သက်ပြီး အသိပေးမှုများ၊ ကြိုတင်သတိပေးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းလုံခြုံရေးစနစ်တွင် ပြည်သူလူထုပူးပေါင်းပါဝင်မှုများလေ အောင်မြင်မှုများလေဖြစ်မည်ဖြစ်ပါကြောင်း။

ရပ်ကွက်၊ ကျေးရွာနှင့် ကျောင်းများ မီးရှို့ရန်လာသည့်သူများကို ပြည်သူလူထု၏အကူအညီ၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ဖမ်းဆီးရမိခြင်းများလည်း ရှိပါကြောင်း၊ ထို့အပြင် အချို့နေရာများတွင် အကြမ်းဖက်လုပ်ရပ်များကို ပြည်သူလူထုလည်း သိလာပြီး လက်မခံကြတော့ကြောင်း၊ COVID–19 ရောဂါနှင့် ပတ်သက်ပြီး စစ်ဆေးရေးဂိတ်များ ရှိကြောင်း၊ ထိုစစ်ဆေးရေးဂိတ်များကို လက်ပစ်ဗုံးနှင့်ပစ်ခြင်း၊ မိုင်းနှင့် ပစ်ခြင်းမျိုးများရှိပါကြောင်း၊ ထိုသူများကို မကြာသေးမီက ဖမ်းမိပါကြောင်း၊ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု လိုပါကြောင်း၊ လုံခြုံရေးနှင့် ကာကွယ်ရေးတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကျန်သည့် လုံခြုံရေးအဖွဲ့အစည်းအသီးသီးသည် အဓိကတာဝန်ရှိပါကြောင်း၊ တာဝန်မရှိဘူးဟု မဆိုလိုပါကြောင်း၊ မိမိတို့ လုပ်ဆောင်ရာတွင် အနှောင့်အယှက်၊ အဖျက်အဆီးများလည်း ရှိပါကြောင်း၊ သို့သော် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်လာမည်ဟု ယုံကြည်ပါကြောင်း၊ ရန်ပြုခံရခြင်း၊ အသတ်ခံရခြင်းနှင့် ပတ်သက်ပြီး ရပ်ရွာများတွင် ရပ်ရွာအလိုက် လုံခြုံရေးအထောက်အကူပြုအဖွဲ့များ အမြန်ဆုံး ဖွဲ့စည်းပေးနိုင်ရန်အတွက် ဝိုင်းဝန်းကူညီပေးကြရန် ပြောလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

**VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က ဆန္ဒပြပွဲများကြောင့် ဖမ်းဆီးထိန်းသိမ်းထားရာတွင် ၃၀ ရက်နေ့က လူ ၂၀၀၀ ကျော်ခန့် လွှတ်ပေးခဲ့သည်ကို တွေ့ရပါကြောင်း၊ ရုံးတင်စစ်ဆေးနေသည့် တရားခွင်က အမှုများပါကြောင်း၊ တရားသူကြီး၏ ရပ်သိမ်းခွင့်မပါဘဲ လွှတ်သည်၊ ဥပဒေအထက်က အမိန့်ပေးသူရှိသည်ဟု ပြောဆိုဝေဖန်နေမှုများလည်း ကြားသိရပါကြောင်း၊ လွှတ်ပေးသည့် လုပ်ငန်းစဉ်နှင့် ပတ်သက်၍ မည်သည့်အတွက်ကြောင့် လွှတ်ပေးခြင်း၊ အဘယ်ကြောင့်လွှတ်ပေးခြင်းမျိုးဆိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အခြေခံထားသည့် အချက်သည် အချို့နေရာများတွင် ဆန္ဒပြပွဲ၌ ပါဝင်ခြင်းမျိုးရှိခြင်း၊ ၅၀၅ နှင့် အရေးယူခံထားရသူများရှိပါကြောင်း၊ ၎င်းတို့သည် ဆူပူဆန္ဒပြမှုတွင် ဦးဆောင်ဦးရွက်ပြုလုပ်သူ မဟုတ်ခြင်း၊ ဆူပူလှုပ်ရှားမှုတွင် ထဲထဲဝင်ဝင်ပတ်သက်ခဲ့သူမဟုတ်ခြင်း၊ တစ်ဆင့်ခံ လှုံ့ဆော်မှုကြောင့်သာ ၎င်းတို့ ပါဝင်ရခြင်းဖြစ်ကြောင်း အခြေခံစိစစ်ချက်များနှင့် စိစစ်ပြီး လွှတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ လွှတ်ရန်အတွက်လည်း ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများ၊ တိုင်းနှင့် ပြည်နယ်တွင်ရှိသည့် စီမံအုပ်ချုပ်ရေးအဖွဲ့များ၏ သုံးသပ်ချက်များနှင့် လွှတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ လူအများလွှတ်သည့်နေရာတွင် အမှားအယွင်းပါကောင်းပါနိုင်ပါကြောင်း၊ သို့သော် မှားယွင်းပါခဲ့လျှင်လည်း ရာခိုင်နှုန်းနည်းမည်ဟု ပြောလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

**ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးကြီး ကျော်လင်း**က စိစစ်ရာတွင် အဓိကအားဖြင့် လူသတ်မှု၊ လုယက်မှု၊ ဖောက်ခွဲဖျက်ဆီးမှု၊ လက်နက်/ခဲယမ်းများနှင့် မိသည်များ၊ ဆူပူဆန္ဒပြမှုတွင် နောက်ကွယ်က ထဲထဲဝင်ဝင် ပံ့ပိုးဆောင်ရွက်ခဲ့သည်များကို စိစစ်ပြီး ချန်လှပ်ထားခြင်းဖြစ်ပါကြောင်း၊ အများနှင့် ရောယောင်ပါခဲ့ခြင်းမျိုး၊ ဖြစ်ပေါ်လာသည့် စိတ်ခံစားချက်ကြောင့် အစောပိုင်းတွင် ပါခဲ့သော်လည်း နောင်တွင် ဆက်မလုပ်သူများ၊ အချို့က Social Purnishment များကို ကြောက်ပြီး ပါဝင်သူများဖြစ်ပြီး အတတ်နိုင်ဆုံးစိစစ်ပြီး လွှတ်ပေးရန်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဥပဒေအထက်တွင်ရှိနေသည့် ပုံစံမျိုးမဟုတ်ပါကြောင်း၊ လွှတ်ပေးသည့်အပိုင်းတွင် အပိုင်း နှစ်ပိုင်းရှိပါကြောင်း၊ တစ်ပိုင်းမှာ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးသည့် အပိုင်းဖြစ်ပါကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ တရားစွဲတင်နိုင်ရန် သက်သေခံအထောက်အထားမပြည့်စုံသည့် ကိစ္စမျိုးတွင် သက်ဆိုင်ရာဥပဒေရုံးကို မိမိတို့က ပိတ်သိမ်းခွင့် တောင်းခံပြီး လွှတ်ပေးခြင်းမျိုးဖြစ်ပါကြောင်း၊ တရားစွဲပြီးသည်များကိုလည်း တရားစွဲအဖွဲ့က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ အရ ရုပ်သိမ်းခြင်းကို ရုပ်သိမ်းလွှာများတင်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဥပဒေအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖြည့်စွက်ဖြေကြားသည်။

**VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က ဘဏ်တွင် မိမိငွေရှိပါလျက်နှင့် ငွေထုတ်၍မရကြောင်း၊ KBZ Pay၊ Wave Money များမှာလည်း ငွေလွှဲလိုက်သော်လည်း သွားထုတ်သည့်အခါ ရာခိုင်နှုန်းပေးရပါကြောင်း၊ ဘဏ်ကိစ္စကြောင့် စီးပွားရေးများရပ်ဆိုင်းပါကြောင်း၊ ယခုအခါ COVID–19 ကြောင့် စီးပွားရေးများ ရပ်ဆိုင်းခြင်းများနှင့် ပတ်သက်၍ မည်သို့ကုစားပေးမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က COVID–19 ရောဂါကြောင့် စီးပွားရေးကျပ်တည်းသည့်ကိစ္စသည် ကုန်သွယ်မှုကဏ္ဍများတွင် ယမန်နေ့က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြေညာထားခြင်းရှိပါကြောင်း၊ ကုန်သွယ်မှုကဏ္ဍတွင် အချို့နေရာများ ရပ်တန့်လျက်ရှိခြင်းကြောင့် ပိုပြီးအခက်အခဲတွေ့လာနိုင်ပါကြောင်း၊ မိမိတို့တစ်နိုင်ငံတည်းမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံများ၊ အချို့နိုင်ငံတော်တော်များများတွင် ဖြစ်နေသည့် အခြေအနေဖြစ်ပါကြောင်း၊ အခြေခံလူတန်းစားများ၏ စားဝတ်နေရေးနှင့် ပတ်သက်ပြီး လုပ်ဆောင်ပေးမည့် အစီအစဉ်များရှိပါကြောင်း၊ အတိအကျကို မိမိအနေဖြင့် ကြိုတင်မပြောနိုင်သေးပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် COVID–19 ရောဂါနှင့် ပတ်သက်၍ ဘဏ္ဍာငွေနှင့်ပတ်သက်ပြီး မည်သည့်ကန့်သတ်ချက်မျှမရှိပါကြောင်း၊ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်နှင့် မှန်မှန်ကန်ကန်အသုံးပြုနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများကို ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ COVID–19 ရောဂါကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးအကျပ်အတည်းနှင့် စားဝတ်နေရေးအကျပ်အတည်းများကို အချိန်မီဖြေရှင်းသွားမည်ဟု ပြောလိုပါကြောင်း၊ ငွေရေးကြေးရေးနှင့်ပတ်သက်ပြီး ယခုကန့်သတ်ထားသည့် ပမာဏကို လောလောဆယ် ဖြေလျှော့ပေးရန် အစီအစဉ်မရှိပါကြောင်း၊ အစီအစဉ်မရှိရခြင်းသည် နောက်ခံအကြောင်းအရင်းများ ရှိခြင်းကြောင့် ဖြစ်ပါကြောင်း၊ အချို့ဘဏ်များသည် ငွေရေးကြေးရေးနှင့် ပတ်သက်၍ ချေးထားခြင်းများရှိပါကြောင်း၊ ချေးထားသည်များမှ ပြန်မဆပ်သည့်ငွေများ ရှိကြောင်း၊ ၂၀၁၉–၂၀၂၀ ခုနှစ်ခန့်က ဖြစ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုကိစ္စများကို ဖြေရှင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ဘဏ်များနှင့် ပတ်သက်ပြီး လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများကို ယခုလကုန်ပိုင်းနှင့် ဩဂုတ်လတွင် ဖြေလျှော့ပေးနိုင်မည်၊ ပိုပြီးအဆင်ပြေနိုင်မည်ဟု ပြောလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၇-၂၀၂၂ သောကြာနေ့

### MRTV HD

| | | | |
|---|---|---|---|
| ၀၆:၀၀ | ရတနသုတ်ပရိတ်တရားတော် | ၁၆:၃၅ | Weekly Sport Info |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၂၀ | လူငယ်ပန်းဥယျာဉ်အစီအစဉ် |
| ၀၉:၁၀ | မျက်မှောက်ရေးရာအဖြာဖြာ | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၉:၃၅ | ကျောင်းကန်ဘုရားကုသိုလ်ပွား ကောင်းမှုထိုထိုလဝါဆို | ၁၈:၁၅ | သုတဝေဖြာသီရိဝေဟာ |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်ဆောင်ရာ' (အပိုင်း-၂၅) |
| ၁၀:၃၀ | ကော်ဖီယဉ်ကျေးမှု | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၁:၁၅ | ပုပ္ပါးမြေရဲ့အေးရိပ်ဆာယာမိုးကုတ် ဝိပဿနာစွယ်တော်ဓမ္မရိပ်သာ | ၂၁:၀၀ | 'ဝသန်မိုးရာသီ'တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ် |
| ၁၃:၁၀ | သဘာဝသယံဇာတရဲ့လက်ဆောင်မွန် မွန်ပြည်နယ်ရဲ့ကျောက်သင်ပုန်း | ၂၂:၃၅ | ပြည်သူ့နီတိ 'လိုဘ' |
| ၁၃:၃၀ | MRTV National News | | |
| ၁၅:၀၀ | Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်' | | |

### mitv

| | |
|---|---|
| 07:01 | News |
| 07:27 | Evergreen Classic: Sone Taw Myaing (Takkatho Lae Lae) |
| 07:35 | Mhaw Yaw Gyi Elephant Camp |
| 07:50 | A Precious Gift from Waste |
| 08:01 | Don Min Artist |
| 08:20 | A Pilgrimage To Prominent Pagodas In Pakokku |
| 08:34 | Irrawaddy Dolphin (Part-1) |
| 08:49 | Ancient Heritage In Natalin |
| 09:01 | Discovering Tribes: Taikhamti (or) Khamti Shan (Their Life and Customs) (Part-2) |
| 09:21 | Myanmar Puppet |
| 09:27 | Beauties Of Makyee Island - Island Of Tamarind Tree |
| 09:40 | Next Generation "Bon Bon" Drummer |
| 09:52 | Traditional Snacks |

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ပျားမွေးမြူရေး

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ယင်းတလဲတိုင်းရင်းသားနှင့်သမိုင်းဝင် စောလုံကျေးရွာ

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ရိုးရာအဆင်များဖြင့်ပေါ်လွင်လှပနေသော ပိန်ပ်လေးများ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ရေဝတီရဲ့အရိုင်းဆန်တဲ့အလှဂေါ်ရန်ဂျီကျွန်း (အပိုင်း-၄)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ

**ချင်း (လိုင်ဇို) (၁၃:၀၀ မှ ၁၄:၀၀)**
နှလုံးကျန်းမာရေးအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) ၁၄:၀၀ မှ ၁၅:၀၀)**
လုံယူးပွဲတော်

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
သခွားသီးနှင့်ပဲပုပ်သုပ်

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
အနာဂတ်ရဲ့အိပ်မက်ခရီးရှည်

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
သဘာဝကျောက်စက်ပန်းဆွဲများရှိရာ ဝက်ပါလိုက်ဂူ

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ရှင်သန်ကြီးစားမျှော်လင့်ခြင်းများ

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃) |
| ၁၁:၀၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သူတစ်ပါးအယောင်ဆောင်ခြင်း' |
| ၁၁:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၁၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇူလိုင် ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇူလိုင်လ ၁၇ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကလေးများအနေဖြင့် ကျောင်းအားချိန်တွင် မိဘများကို ကူညီဆောင်ရွက်ပေးသင့်ကြောင်းနှင့် မိမိဆောင်ရွက်ရမည့် ကိစ္စများကို မြန်မြန်ဆန်ဆန် လုပ်ဆောင်သင့်ကြောင်းကို ပညာပေးရေးဖွဲ့ထားသည့် "ပုပုပါဝင်သည့် စာစီစာကုံး" မျက်နှာဖုံး ဇာတ်လမ်း၊ မြန်မာလူမျိုးတို့၏ မင်္ဂလာရှိသော အစမ်းအနားများတွင် တီးမှုတ်လေ့ရှိသော ခရုသင်းအကြောင်းကို ရေးဖွဲ့ထားသည့် "ခရုသင်းအကြောင်း သိကောင်းစရာ" သုတဆောင်းပါးနှင့် နိုင်ငံရပ်ခြားက ကလေးများဆိုသော သင်ခန်းစာများတွင်ပါရှိသည့် ကလေးများကဲ့သို့ ဝတ်စားဆင်ယင်ကာ အဝတ်အစားပြပွဲ




ပြုလုပ်ကြသော တိုးတိုးတို့ သူငယ်ချင်းတစ်စုအကြောင်းကို တင်ဆက်ထားသည့် ဆရာမ ညိမ်းရှင်မယ်၏ "တိုးတိုးတို့သူငယ်ချင်းတစ်စု" သုတဆောင်းပါး၊ ဖြတ်ထိုးဉာဏ်ကောင်းပြီး ဟာသဉာဏ်ရွှင်သော ကျောင်းသားလေး ပေါက်ကျော်အကြောင်းကို တင်ဆက်ထားသည့် ကာတွန်းအောင်အောင်ထွေး၏ "ပေါက်ကျော်ပါဝင်သည့် အနက်ရောင်" နှစ်မျက်နှာ ကာတွန်း၊ မိမိ၏ပတ်ဝန်းကျင် သာယာစိုပြည်စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန် မိမိတို့တွင် တာဝန်ရှိကြောင်းကို ပညာပေးတင်ဆက်ထားသည့် ဆရာညွန့်ဝင်း (နတ်တလင်း)၏ "တို့မှာ တာဝန်ရှိပါသည်" ဝတ္ထု၊ ရေကန်၌ ရေကူးခွင့်မရသဖြင့် စွန်လွှတ်ဟန်ဆောင်ကာ ငါးမျှားနေသောသူငယ်ချင်းနှစ်ယောက်၏ ဉာဏ်များပုံကို တင်ဆက်ထားသည့် ကာတွန်းဇက်တီ၏ "ငါးမျှားပြန်မယ်" နှစ်မျက်နှာကာတွန်း၊ နာမ်ရှေ့တွဲသုံး စကားများ (Determiner) အကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာ သင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရှိရသည်။

သတင်းစဉ်

# မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိ

**နေပြည်တော် ဇူလိုင် ၁၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၇ - ၂၀၂၂

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ဝ၆၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၈၉ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၁၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၃ . ၀၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၉၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၀၇ | ၉၅၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀၀ | ၁၁၄၄ | ၃၉၅၂၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၅၀၀ | ၁၀၀၀၀၀၀၀ |
| TMH | ၂၈၀၀ | ၂၇၀၀ | ၂၉ | ၇၈၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၆ | ၇၈၄၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း (၁၉၂၈ - ၂၀၂၁)

**မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့များနှင့် မြန်မာ့လူမှုဘဝ၊ မြန်မာ့သမိုင်းဆိုင်ရာ ဝတ္ထု၊ ကဗျာ၊ ပြဇာတ်များစွာကို ရေးသားပြုစုခဲ့သည့် စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းသည် ဇူလိုင်လ ၁၅ ရက်တွင် ကွယ်လွန်သွားခဲ့ပြီ ဖြစ်ပါသည်။**



စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း

ဆရာကြီး ကွယ်လွန်ခြင်းမှာ မြန်မာစာပေလောကအတွက် အစားထိုးမရသော ဆုံးရှုံးမှုကြီးတစ်ခု ဖြစ်ပါသည်။ ဆရာကြီးသည် မြန်မာစာပေဖွံ့ဖြိုးရေးနှင့် မြန်မာမှု၊ မြန်မာ့ဓလေ့ဆိုင်ရာများ ထွန်းကားရေးအတွက် မိမိ၏ကလောင်စွမ်းဖြင့် နှစ်ပေါင်းများစွာ စွမ်းဆောင်ခဲ့သူဖြစ်ပြီး မြန်မာ့ကျေးလက်လူမှုသရုပ်ဖော် အဖွဲ့များကို ပီပြင်စွာ သရုပ်ဖော်ရေးသားနိုင်သော ဂန္ထဝင်စာရေးဆရာကြီးတစ်ဦးအဖြစ် ထင်ရှားပါသည်။

ဆရာကြီးကို အဖ ယာသမားကြီး ဦးရွှေစံ၊ အမိ ဒေါ်ငွေစင်တို့မှ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ ရွာသစ်ကြီးကျေးရွာတွင် ၁၂၉၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် (၃-၁၁-၁၉၂၈) နေ့တွင် မွေးဖွားသည်။ သားသမီးလေးယောက်အနက် တတိယမြောက်သားဖြစ်ပြီး မိဘမျိုးရိုးမှာ မင်းမှုထမ်း မျိုးရိုးဖြစ်သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီနှင့် ဒုတိယကမ္ဘာစစ်အတွင်း အထက်တန်းပညာ ဆည်းပူးခဲ့သည်။ ကျောင်းနေစဉ်ကတည်းက စာပေဝါသနာပါခဲ့ပြီး စာကောင်းပေကောင်းများ ရှာဖွေဖတ်ရှု လေ့လာခဲ့သည်။ ဒုတိယကမ္ဘာစစ်ဖြစ်ချိန်တွင် မြို့ကြီးများမှ ဆင်ဖြူကျွန်းမြို့ဘက်သို့ တိမ်းရှောင်လာကြသော စစ်ပြေးဒုက္ခသည်များထံမှလည်း စာအုပ်ကောင်းများ ဖတ်ရှုခွင့်ရကာ စာပေလိုက်စားမှု ပိုမိုရင့်သန်လာခဲ့သည်။

ဆင်ဖြူကျွန်း၌နေစဉ်ကတည်းကပင် မန္တလေးမြို့ရှိ ပြည်ညွန့်စာစောင်၊ ရန်ကုန်မြို့ရှိ သွေးသောက်မဂ္ဂဇင်း၊ ရှုမဝမဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်းများသို့ စာမူများ ရေးသားပေးပို့ခဲ့သည်။ ထို့နောက် ဗလစ လူငယ်ဂျာနယ်၊ ဗမာပြည်လွတ်လပ်ရေး အမျိုးသမီးများအစည်းအရုံး (ဗ.လ.မ.စ) အမျိုးသမီးမဂ္ဂဇင်း၊ ဆန်းသစ်ဦးမဂ္ဂဇင်းတို့တွင် ကဗျာများ စတင်ရေးသားခဲ့သည်။

ရေးဦးကလောင်အမည်မှာ "ရွှေဇင်" ဖြစ်သည်။ အယ်ဒီတာ၊ ရုပ်ရှင်ဒါရိုက်တာ လှအောင် ထုတ်ဝေသော "တိုင်းသစ်ဂျာနယ်" တွင် ထိုကလောင်ဖြင့် ၁၉၅၂ ခုနှစ်၌ ကဗျာစတင် ရေးသားခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် "ဆင်ဖြူကျွန်းအောင်သိန်း" အမည်ကို ပြောင်းကာ ကဗျာရေး၊ စကားပြေပါ ရေးသားသည်။

၁၉၅၃ ခုနှစ်တွင် လူငယ်ဂျာနယ်၌ ဆင်ဖြူကျွန်းအောင်သိန်း ကလောင်အမည်ဖြင့် စတင်ရေးသားပြီး ပထမဦးဆုံးဝတ္ထုတိုမှာ "စွပ်ကျယ်" အမည်ရှိ ကိုဆေးရိုးဝတ္ထုတိုဖြစ်သည်။ ပထမဦးဆုံးလုံးချင်းဝတ္ထုမှာ ၁၉၅၇ ခုနှစ် စာပန်းချီမဂ္ဂဇင်းတိုက်က ထုတ်ဝေသည့် "လွမ်းယမုံဦး" စာအုပ်ဖြစ်ပြီး ဦးဆုံးသုတစာအုပ်မှာ ၁၉၈၂ ခုနှစ်တွင် စာပေဗိမာန်က ထုတ်ဝေသည့် "စပ်ပန်းချီမိတ်ဆက်" စာအုပ်ဖြစ်သည်။ ဆရာကြီးသည် မကွယ်လွန်မီအချိန် အထိ ဘာသာရပ်မျိုးစုံ လုံးချင်းစာအုပ် ၂၀၀ ကျော်ကို ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဝတ္ထု၊ ဆောင်းပါး၊ ပြဇာတ် စုစုပေါင်း ပုဒ်ရေ ၃၀၀၀ ကျော် ရေးသားခဲ့သည်။

ဆရာကြီးသည် ၁၉၅၀-၅၃ ခုနှစ်တွင် မြေပြင်ပစ် အမြောက်ကြီးတပ် တပ်ရင်း (၁) တွင် တပ်သားအဖြစ်၊ ၁၉၅၇-၅၈ ခုနှစ်တွင် ရုပ်ရှင်ပဒေသာမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ၊ ၁၉၅၈-၅၉ ခုနှစ်တွင် ရုပ်ရှင်လောက၊ ယနေ့ရုပ်ရှင်နှင့် နတ်သျှင်နောင်စာစောင်တို့တွင် တာဝန်ခံအယ်ဒီတာအဖြစ် ထမ်းဆောင်ခဲ့သည်။ ရုပ်ရှင်နယ်ပယ်တွင်လည်း ၁၉၅၉ ခုနှစ်မှ ၁၉၆၂ ခုနှစ်ထိ ဇာတ်လမ်းမှတ်တမ်းတင်သူ၊ တွဲဖက်ဒါရိုက်တာ စသည်ဖြင့် လုပ်ကိုင်ခဲ့သည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂ၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၊ မြန်မာနိုင်ငံ စာပေဝါသနာရှင်အဖွဲ့အစည်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ) တို့တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ဆရာကြီး၏ စာပေလက်ရာများအနက် ကိုဆေးရိုးဝတ္ထုများကို စာဖတ်ပရိသတ်တို့ အနှစ်သက်ဆုံး ဖြစ်သည်။ ဆင်ဖြူကျွန်း ရမ်းဘိုကုန်းရွာကို အခြေခံ၍ ကိုဆေးရိုးနှင့် မကျည်းဒန် ဇာတ်ဆောင်နှစ်ဦးကို အခြေခံကာ ကျေးလက်လူမှုသဘာဝနှင့် တောင်သူလယ်သမားတို့၏ စရိုက်လက္ခဏာများကို ထင်ဟပ်ရေးဖွဲ့ထားသော ဝတ္ထုတိုများဖြစ်သည်။ ယင်းဝတ္ထုတိုများကို စုပေါင်း၍ ကိုဆေးရိုးဝတ္ထု အမှတ် (၁) မှစ၍ အတွဲ (၁၀) အထိ ထုတ်ဝေခဲ့သည်။ ဒုတိယအထင်ရှားဆုံးမှာ နေမင်းတစ်ထောင် ဝတ္ထုရှည် (၈) တွဲဖြစ်သည်။ ယင်းဝတ္ထုရှည်ကြီးမှာ မြန်မာစာပေဝတ္ထုသမိုင်းတွင် စာပေအဆင့်အတန်း မြင့်မားသော ရသမြောက် ဝတ္ထုရှည်ကြီးအဖြစ် မော်ကွန်းထိုးနိုင်ခဲ့သည်။

ဆရာကြီး၏ ခါးရောင်ကဖွေး၊ လယ်သမားသူပုန်၊ ဂဠုန်ဆရာစံ၊ နီရဲသောဗိုလ်ဥတ္တမ၊ ငရဲနိုင်ငံ၊ နေမင်း သိန်းရာထောင်ပြဇာတ်၊ မြန်မာ့ယဉ်ကျေးမှုသုတပဒေသာ၊ မြန်မာ့ထိုးကွင်းမင်ကြောင်ဓလေ့၊ ကျေးလက်ရိုးရာ မြန်မာမှုဓလေ့များ၊ မြေ၏ဇာတ်ဟောင်း မဂ္ဂဇင်းဝတ္ထုရှည်များ၊ ပုဏ္ဏကရသစုံဝတ္ထုများ၊ မြစ်တို့၏သဘော၊ ရိုးဆေးရိုးတို့ မြေးမြစ်များ စာအုပ်တို့မှာ ထင်ရှားသည်။

ဆရာကြီးသည် ၁၉၉၀ ပြည့်နှစ်တွင် ကိုဆေးရိုး (၄)၊ ၁၉၉၆ ခုနှစ်တွင် ကိုဆေးရိုး (၆) တို့ဖြင့် အမျိုးသားစာပေဆု (ဝတ္ထုတိုပေါင်းချုပ်) ဆုများ ရရှိခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် နေမင်းတစ်ထောင်ဝတ္ထု (၈ အုပ်တွဲ) ဖြင့် အမျိုးသားစာပေဆု (ဝတ္ထုရှည်) ရရှိခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆု ရရှိခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် စည်သူဘွဲ့ကို ရရှိသည်။၁၉၉၈ ခုနှစ်တွင် အရှေ့တောင်အာရှ စာပေဆု S.E.A Write Award ဆုကို ရရှိခဲ့သည်။ ဆရာကြီး၏ ကလောင်ခွဲများမှာ ရွှေဇင်၊ ဇင်အောင်၊ မင်္ဂလာဇင်အောင်တို့ ဖြစ်ပြီး အမည်ရင်းမှာ ဦးကြည်အေးဖြစ်သည်။

ဆရာကြီးသည် ဘဝတစ်သက်တာလုံး စာပေရေးသားခြင်းဖြင့် မွေ့လျော်ကာ အသက်မွေးဝမ်းကျောင်းပြုခဲ့ပြီး အမှတ် ၆၅၂၊ အနောက်ခိုင်ရွှေဝါလမ်း၊ ၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်ရင်း ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်တွင် ကွယ်လွန်သည်။ ဇနီးဒေါ်တင်ဥ (ကွယ်လွန်) နှင့် သားသမီး ၄ ဦး ကျန်ရှိကြောင်း သိရှိရသည်။

**စာပေဗိမာန်**

**ကိုးကားစာအုပ်များ**

- ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေဆုလက်ကမ်းစာအုပ်
- မြန်စာစာပေအဘိဓာန် ပထမတွဲ၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၆
- ၂၀ ရာစု စာရေးဆရာများနှင့် စာစုစာရင်း၊ ပညာရွှေတောင်စာပေ၊ ၂၀၁၃
- ကိုဆေးရိုးကို ဖန်တီးသူ၊ ဘဝသရုပ်ဖော်သက်တော်ရှည် စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း၊ မောင်ခေတ်ထွန်း၊ စံတော်ချိန်သတင်းစာ (၄-၅၊ ၇၊ ၂၀၂၁)

■ *ကျော့ဖုံးမှ*

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၅-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၃၂၁) ခု | (၃၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၀) ခု | (၄၇) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၀၁၄) ခု | (၄၈၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၂၉) ခု | (၁၇၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၈၉၈) ခု | (၁,၀၁၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၁၀၆) ခု | (၂,၄၂၇) ဦး |
| စုစုပေါင်း | (၁၁,၀၄၄) ခု | (၄,၁၈၈) ဦး |

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်း အချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၅**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဂန္ဓကုဋီတိုက်(၅၄×၂၇×၁၈)ပေ(အဆောက်အဦ ဇာတ်နိပါတ်တော် စကျင်ကျောက်ထွင်းပန်းချီ၊ ဆိုလာ) | ၁၅၉၈ | ၂၄ လုံး | ၂၁ လုံး | ၃ လုံး |
| ၂။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၈ ခန်း | ၄၄၇ ခန်း |
| ၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၇ တိုင် | ၄၃ တိုင် |
| ၄။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၁၆ ခု | ၆၃၆ ခု |
